# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၂၈)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၃၁-၁၀-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္တုကုံတော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ သို့ ➜



**ဆက်ကပ်လှူဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာသာသနာလင်္ကာရစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝဇိရပါလ ဓဇ လင်္ကာရာဘိဝံသထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ အောက်တိုဘာ ၃၁ ရက် ၊ သောကြာနေ့ ။

## လူမှုဆက်ဆံရေးကို ယဉ်ကျေးမှုဓလေ့ ထုံးတမ်းနှင့်အညီ အထူးအလေးထားကြပါစို့

ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် လူမှုဆက်ဆံရေး နည်းလမ်းကို ဟောကြားတော်မူခဲ့သည်။ ထိုတရားတော်မှာ "မင်္ဂလာတရား" ဖြစ်သည်။ ၃၈ ဖြာမင်္ဂလာတရားတော်သည် လူအချင်းချင်းဆက်ဆံရာတွင် ပြေပြစ်စေခြင်း၏ အခြေခံကိုယ်ကျင့်တရားများပင်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအရ လူမှုပေါင်းသင်းဆက်ဆံရာတွင် ထားအပ်သော စိတ်ထားကို လောကသာရပျို့တွင် "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဟူ၍ ဆုံးမထားသည်။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားအားထုတ်သူမှန်လျှင်လည်း သူတစ်ပါးနှင့်ဆက်ဆံပါက ယုံကြည်ကိုးစားမှု၊ လေးစားမှုရရှိမည်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။

လူမှုဆက်ဆံရေးတွင် နှုတ်ချိုသာရုံနှင့်လည်းမပြီးသေးပါ။ စိတ်ထားလည်းဖြူစင်ရန် လိုအပ်လှသည်။ "နှုတ်ကတော့ ပျားသကာ၊ စိတ်ကတော့ ခါးတမာ" ဟူသောစကားမျိုး မဖြစ်စေဘဲ စိတ်ကလည်း ဖြူစင်ကောင်းမွန်၊ နှုတ်ကလည်း ချိုပြေသာယာရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် လူမှုဆက်ဆံရေးအရ ပြောဆိုရာတွင် ချစ်ခြင်း၊ မုန်းခြင်းစသည့် ဆန့်ကျင်ဘက်နှစ်မျိုးစလုံးကို ဖန်တီးပေးနိုင်သောစကားကို လေ့လာကြည့်ပါက ချိုသာသောစကား၊ ကြမ်းတမ်းရိုင်းပြသောစကားဟူ၍ နှစ်မျိုးခွဲခြားနိုင်သေးသည်။ ခါးသက်သောအရာထက် ချိုမြိန်သောအရာကိုသာ လူအများက ကြိုက်နှစ်သက်ကြသည်။ လူတိုင်း လူတိုင်းသည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုဆက်ဆံရာတွင် ချိုသာပြေပြစ်သောစကားများဖြင့် ပြောဆိုဆက်ဆံသင့်ကြသည်။ မြန်မာလူမျိုးတို့သည် လူမှုဆက်ဆံရေးကို ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အထူးအလေးထားသူများ ဖြစ်ကြသည်။ ခေတ်အဆက်ဆက်တွင်လည်း စာဆိုတို့က မြန်မာတို့၏ လူမှုပေါင်းသင်းဆက်ဆံရေးကို ညွှန်ပြသောကဗျာလင်္ကာများ၊ ကျမ်းကြီးကျမ်းငယ်များကို ရေးသားပြုစုခြင်းဖြင့် လမ်းညွှန်ခဲ့ကြောင်းကိုတွေ့ရသည်။ လူမှုပေါင်းသင်းဆက်ဆံရေးတွင် ကိုယ်အမူအရာယဉ်ကျေးခြင်း၊ နှုတ်အမူအရာယဉ်ကျေးခြင်း ရှိရန်လိုအပ်မည်ဖြစ်သည်။ "နှုတ်ချိုသျှိုတစ်ပါး၊ နှုတ်ကောင်းလျှင်ပြည်စိုး"ဟူသော စကားပုံများသည် လူမှုဆက်ဆံရေးဆောင်ပုဒ်များပင်ဖြစ်သည်။

လူသားတိုင်း လူ့အဖွဲ့အစည်းနှင့် ကင်းကွာ၍မရပေ။ လူသားတို့သည်မြို့ပြနိုင်ငံများ ထူထောင်လာသော ယနေ့ကာလအထိ လူ့အဖွဲ့အစည်း၏အကျိုးကို ဆောင်ရွက်ရင်း တက်လှမ်းလာကြသည်။ တိုးတက်လာသော လူ့အဖွဲ့အစည်းဖြစ်လာသည်နှင့်အမျှ လူသားတိုင်းသည် အများ၏ အကျိုးကို ပိုမိုကာ သယ်ပိုးခဲ့ကြသည်။

ထို့အပြင် ကျောင်းသားများသည် ကျောင်းတွင်းလှုပ်ရှားမှုပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်မည်။ ကျောင်းသားများ စုပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုဆက်ဆံရေး ကျယ်ပြန့်လာပြီး စည်းကမ်းလိုက်နာတတ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ သဘောထားကြီးခြင်း၊ ပရဟိတ အခြေခံစိတ်တိုးပွားခြင်း၊ ဗဟုသုတတိုးပွားခြင်း၊ အတွေးအမြင် ကျယ်ပြန့်ခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရမည်။ ကျောင်းသားတိုင်းသည် ကျောင်း၏အကျိုး၊ အတန်းဖော်များ၏အကျိုးကို ဆောင်ရွက်လျက် ကျောင်းပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သင်တောင်းကြီးကျေးရွာ၊ အမိဋ္ဌာန်အောင် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား ရွှေသိမ်တော်မွှာရုံတွင် ယနေ့နံနက် ၈ နာရီက (၃၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ခဲ့ပြီး တောင်လွှဲကျေးရွာ ကျောင်းကြီးကျောင်းတိုင်းဒေသကြီးဆရာတော် ဘဒ္ဒန္တစန္ဒကုမ္မာရ ဆရာတော်က ပဋ္ဌာန် ဝန္ဒနာဂါထာတော် ရွတ်ဖတ်ပူဇော်ခဲ့ပြီး ကျောက်ဆည်တပ်နယ်မှ ဗိုလ်မှူးချုပ် တိုးမြင့်ကျော်၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက မန္တလေးမြို့၊ အောင်မြေသာစံရပ်ကွက်၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် စက်ဝန်းမင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ တရားနာယူကြည်ညိုကြပြီး ပင့်သံဃာဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တော်အား ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဩဝါဒါစရိယ ရွှေကူညီမိုးကုတ်တရားရိပ်သာကျောင်းမှ ဘဒ္ဒန္တ ဇနိတာဘိဝံသာထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဖျောက်ဆိပ်ပင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသာမိနှင့် ညောင်ရွှေကျေးရွာ၊ ရွှေဆပ်သွားကျောင်းဆရာတော် ဘဒ္ဒန္တခေမာစာရတို့က အနုမောဒနာတရားနှင့် ဒေဝနိဝတ္တန ဂါထာတော်များ ရွတ်ဆိုပူဇော်ခဲ့ပြီး အခမ်းအနားအား ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် ကျောက်ဆည်တပ်နယ်မှ ဗိုလ်မှူးချုပ်တိုးမြင့်ကျော်၊ အမိဋ္ဌာန်အောင် ဆုတောင်းပြည့်မဟာရွှေသိမ်တော် ဂေါပကဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ပင့်သံဃာ ၆၆ ပါး၊ အာဂန္တု ၁၀ ပါး၊ သီလရှင် ၅၃ ပါးတို့အား ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။ (၄၈၅)

## ပန်းခင်း(၃)စီမံချက်ဖြင့် အသက်(၁၈)နှစ်ပြည့်ပြီး ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် ပျောက်ဆုံး၊ ပျက်စီးမိတ္တူထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်ရှိ မျိုးသိန်းဓမ္မာရုံနှင့် (စ)ရပ်ကွက်ရှိ အတုလဂုဏ်ရည် ဓမ္မာရုံတို့တွင် အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင် ဦးဆောင်သည့် အဖွဲ့မှ ပန်းခင်း(၃)စီမံချက်ဖြင့် အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် ပျောက်ဆုံး၊ ပျက်စီးမိတ္တူ ထုတ်ပေးခြင်း အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

၀-၀-၀-၀-၀

၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ အောင်သပြေမွှာရုံ၊ ရွာလယ်လမ်းတွင် ရောင်းချပေးခဲ့သည်။

**(အောက်ဝဲပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily-newspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

○ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကိုနာယူကြသည်။


ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊

စာမျက်နှာ ၄ သို့ ○




ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်း ပြင်ဆင်ထားသည့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။





ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသရေစည်သူ... အဂ္ဂါမိပတိ သာသနဇ္ဈ ဗိမာန်တော်ကြီး အတွင်းရှိ မာရဝိဇယ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

○ စာမျက်နှာ ၃ မှ

ကထိန်အလှူခံကျောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိန်ရာဇာ သာသနာလင်္ကာရ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝဇိရပါဏိ လင်္ကာရာဘိဝံသထံ ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကော်မရှင်ဒုတိယ ဥက္ကဋ္ဌနှင့် ဇနီးတို့သည် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ ကထိန် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ကထိန်အမေးအဖြေများ နာယူကြည်ညို**

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များသည် နေပြည်တော်တိုင်း သံဃနာယက အဖွဲ့ဝင် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည နှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ အုန်းတောကျောင်း တိုက် ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိသတို့ထံမှ ကထိန်အမေးအဖြေများကို နာယူ ကြည်ညိုကြသည်။

စာမျက်နှာ ၅ သို့ ○

## ဆက်ကပ်လှူဒါန်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

○ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနား အပြီးတွင် သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီ ၂၀၂၅ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း ပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၇၉၁၉၁၀၅၀ နှင့် လှူဒါန်းငွေကျပ် ၈၈၅၉၉၃၅၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုး ငွေကျပ် ၁၆၇၇၉၀၄၀၀ ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ကြီးထံ ကထိန် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



## မြေသြဇာများကို ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**မြစ်သား အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ စိုက်ပျိုးရေးအရောင်းဆိုင်များအား ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးခြင်း ရှိ၊ မရှိနှင့် တရားမဝင် ပိုးသတ်ဆေး၊ မြေသြဇာများ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်း စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးနှင့် ခရိုင်အဆင့် တာဝန်ခံများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့်ဝန်ထမ်းများက မြစ်သားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဆေးဆိုင်များအား ပိုးသတ်ဆေးဥပဒေ၊ လိုက်နာရမည့်အချက်များနှင့် တရားမဝင် ပိုးသတ်ဆေးများ ရောင်းချခြင်း ရှိ၊ မရှိ၊ ပိုးသတ်ဆေးရောင်းချမှု မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို လိုက်လံကွင်း ဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး ကချင်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား တက်ရောက်



**မြစ်ကြီးနား အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ကွင်းအမှတ်-၄/ ယောရင်ကွင်း ဦးပိုင်အမှတ် ၃၅ / ၂၀၊ ၃၅ /၂၈ ရှိ ကချင်ပြည်နယ် တရားလွှတ်တော် အဆောက်အအုံ သစ် ပန္နက်တော်တင် တွင်းတော် ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်၉ နာရီက အဆိုပါအဆောက် အအုံ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်သည်။

အခမ်းအနားတွင် ကချင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ချုပ် ဒေါ်အေးအေးမော်နှင့် ကချင် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများက သတ်မှတ် နေရာအသီးသီးတွင် နေရာယူကာ ပန္နက်တော်တင် တွင်းတော်ဝန်း ပြီး အမွှေးနံ့သာများ ပက်ဖျန်းပေး ကြသည်။

ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေးက ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်း ပေးပြီး အဆောက်အအုံ ဆောက်လုပ်မည့် ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အဆောက်အအုံကို ပြည်ထောင်စု တရားလွှတ်တော် ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၂၃ -၂၀၂၇ ငါးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၊ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၅)၏ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်(၁)၊ မဟာဗျူဟာရည်မှန်းချက် ၁.၄၊ မဟာဗျူဟာအစီအစဉ် ၁.၄.၁ နှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး အဆောက် အအုံမှာ အလျား ၂၀၆ ပေ၊ အနံ ၁၃၅ ပေရှိ သံကူကွန်ကရစ် လေးထပ်အဆောက်အအုံဖြစ်ကာ G3 Group Limited က တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များ စုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည် ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာ သင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် ညပိုင်း ဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန် ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကားနှင့် ရထားပိုင်း၊ ကလေးစီး လှုပ်စိနှင့် ဒိုးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့်နာမည်ကြီး အဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့် အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေး တပ်များ၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း စခန်းချလေ့ကျင့်ရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် အောင်မြင်စွာ သင်တန်း ဆင်းပေးနိုင်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၊ မွန်ပြည်နယ် ချောင်းဆုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ နယ်မြေခံ သင်တန်းကျောင်း ခန်းမများ၌ ကျင်းပကြသည်။

အဆိုပါသင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူး များနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ် ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သင်တန်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၈၈ ဦး တို့ကို သင်တန်းကာလ ရက်ပေါင်း ၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာ ဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်း လက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေဗဟုသုတ ရရှိစေရေးအတွက် ပြင်ပလေ့လာရေးခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သီပေါမြို့နယ်အတွင်း၌ အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေး



နေပြည်တော် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှင့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းတို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

သီပေါမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ အခြေခံပညာကျောင်း ရှစ်ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် အခြေခံပညာကျောင်း သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း အခြေခံပညာကျောင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၈၃ ဦး ထပ်မံလာရောက် ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁၇၁ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အခြေခံပညာမူလတန်းကျောင်း(စံဖိတ်)၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၃၂ ဦးနှင့် အတွင်းလူနာ နှစ်ဦးတို့အား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲ ဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေး ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၃၈ ရက်

သာ လိုတော့သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၂၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၂၀၊ နီပေါနိုင်ငံသားနှစ်ဦးနှင့် ဗီယက်နမ်နိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၁ ဦးအား ထပ်မံ ထိန်းသိမ်းနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၄၃ ဦးကို



ထပ်မံစစ်ဆေးနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၉၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၅၉၆ ဦးအား စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကျေးရွာချင်းဆက်လမ်း မြေသားလမ်းခင်းခြင်း ဆောင်ရွက်နေမှု စစ်ဆေး

**နမ့်စန် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ခါနန်-မလန်ခမ်းကျေးရွာချင်းဆက်လမ်းမြေသားလမ်းခင်းနေမှုကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲခေါင်ထွန်း၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးဝင်းမင်းလတ်၊ လှိုင်လင်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်သက်နိုင်၊ နမ့်စန်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ(မြို့ပြ) ဒေါ်ဝင်းပပမျိုးနှင့် တာဝန်ရှိသူများက ခါနန်-မလန်ခမ်း ကျေးရွာချင်းဆက်လမ်း မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများ အရည်အသွေးပြည့်မီကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ အရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ပေ ၃၀ ၊ အမြင့် တစ်ပေလေးလက်မရှိ ခါနန်-မလန်ခမ်း ကျေးရွာချင်းဆက်လမ်း မြေသားခင်းခြင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံး ငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၁၀၄ ဒသမ ၈၃၆ သန်း အသုံးပြု၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **နော်လှူး**

## ပြင်ဦးလွင်မြို့၌ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆုယှဉ်ပြိုင်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၃၀

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။



အမှာစကား ပြောကြား

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ငြိမ်းချမ်းက အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ Power Point ဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်မြို့နယ် မြို့မိမြို့ဖအဖွဲ့များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက အာဆီယံဆေးလိပ်ငွေ့ ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူ၍ မဟာမုနိဘုရားကြီးတွင် ရဟန်းရှင်လူအများပြည်သူ (၇)ရက်သားသမီးအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရန် ရွှေစင်ရွှေသားအတိဖြင့် သွန်းပြုထားသည့် မဟာမုနိရုပ်ပွားတော်မြတ် (၂)ဆူအား လှူဒါန်း





**မန္တလေး အောက်တိုဘာ ၃၀**

မဟာမုနိဘုရားကြီးတွင် ရဟန်းရှင်လူအများပြည်သူ (၇)ရက်သားသမီးအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရန် ရည်သန်၍ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကာ ရွှေစင်ရွှေသားအတိဖြင့် သွန်းပြုထားသည့် မဟာမုနိရုပ်ပွားတော်မြတ် (၂)ဆူအား အလှူရှင်မိသားစုဖြစ်သော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး ဒေါ်မမ သားသမီး မြေးတစ်စုတို့က လှူဒါန်းခဲ့သည်။

ဦးစွာ ရွှေစင်ရွှေသားအတိဖြင့်သွန်းပြုထားသည့် မဟာမုနိရုပ်ပွားတော်မြတ်(၂)ဆူလှူဒါန်းမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဓိပတိဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ သောဠသမရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတင်းသုံးတော်မူနေသည့် စစ်ကိုင်းမြို့ သီတဂူဝိပဿနာ တက္ကသိုလ်ရှိ သီတဂူစန္ဒြကန္တိကျောင်းနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ မဇ္ဈိမဗိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ယာယီ သီတင်းသုံးတော်မူသည့် မဟာအောင်မြေမြို့နယ်ရှိ သံဃာရာမပင်မဆောင်သို့ သွားရောက်ပြီး ဆရာတော်ကြီးများအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန် ရည်သန်၍ မဟာမုနိဘုရားကြီးတွင် အပူဇော်ခံထားရှိမည့် ရွှေစင်ရွှေသားအတိဖြင့် သွန်းပြုထားသည့် မဟာမုနိရုပ်ပွားတော်မြတ် (၂)ဆူနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှာ သက်တမ်းအားဖြင့် ကြာမြင့်လာခြင်း၊ ကြီးမားသောသဒ္ဓါတရားဖြင့် ရဟန်းရှင်လူပြည်သူများက လှူဒါန်းလျက်ရှိသော ရွှေသင်္ကန်းများနှင့် အခြားရတနာများ၏ အလေးချိန်၊ နေ့စဉ်မပြတ် လှူဒါန်းနေသော ရွှေသင်္ကန်းများ တဖြည်းဖြည်းများပြားထူထဲလာခြင်းတို့ကြောင့် ၁၉၈၄ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်ကြီး၏ ရင်ဘတ်တော်ကွဲအက်ခြင်း၊ ၂၀၁၉ခုနှစ်တွင် စမခဏ်တော် အက်ကြောင်းပေါ်လာခြင်းများ ဖြစ်ပေါ်ခဲ့မှုနှင့် မူလပဋ္ဌလောဟာ ရုပ်ရှင်တော်မြတ်ကြီး ကိုယ်လုံးတော်ခံနိုင်ရည်စွမ်းအား ထာဝရတည်တံ့ခိုင်မြဲစေရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒများခံယူပြီး ပညာရှင်များ၏ အကြံဉာဏ်များဖြင့် ညှိနှိုင်းတိုင်ပင်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ဩဝါဒများခံယူခဲ့သည်။

ရွှေသားဆင်းတုတော်များလှူဒါန်းခြင်းအခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးရှိ လှူဖွယ်ပြတိုက်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပိယ ဆရာတော်ကြီး အမှူးပြုပြီး ပင့်ဆရာတော်ကြီးများကြွရောက်ချီးမြှင့်တော်မူ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ မဟာမုနိဘုရားကြီး ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီးနောက် မဟာမုနိဘုရားကြီးတွင် ရဟန်းရှင်လူအများပြည်သူ (၇)ရက်သားသမီးအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မဟာမုနိဘုရားကြီးတွင် အပူဇော်ခံထားရှိမည့် ရွှေစင်ရွှေသား အလေးချိန် ၁ ကျပ်သားနှင့် အလေးချိန် ၁၀ ကျပ်သားတို့ဖြင့် သွန်းပြုထားသည့် မဟာမုနိရုပ်ပွားတော်မြတ် (၂)ဆူကို နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဓမ္မိကာ ရာမတိုက်၊ မိတ္ထီလာကျောင်းဆရာတော်ထံသို့ အလှူရှင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆက်ကပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများက ဆရာတော်ကြီးများထံ သင်္ကန်းလှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ အလင်းတိုင်နှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ခြုံသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရထံမှ ရေစက်သွန်းချတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်းပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဆရာတော်ကြီးများသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိပြာသာဒ်ကျောင်းတော်ကြီး ရွှေသားထီးတော်ပြန်လည်တင်လှူပူဇော်ရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုခဲ့ကြောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးတွင် ကိန်းဝပ်စံပယ်အပူဇော်ခံထားရှိသည့် စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးအား အလှူရှင်မိသားစုက အလင်းတိုင် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**








# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဥက္ကဋ္ဌ ဦးဟန်ရွှေ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ရေဒီယိုနဲ့ ရုပ်မြင်သံကြားတို့မှ ဟောပြောဆွေးနွေးထုတ်လွှင့်ခွင့်ရတဲ့အတွက် နိုင်ငံတော်မှ တာဝန်ရှိသူများနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ ပြည်သူ့ရဲ့ကံကြမ္မာကို ဖော်ဆောင်ပေးနိုင်မယ့် မဲဆန္ဒရှင်များကို တိုက်ရိုက်ဟောပြော ဆွေးနွေးခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ရှေးဦးစွာ ကျွန်တော်တို့ပါတီရဲ့အကြောင်းကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ပါတီတစ်ရပ်ဖွဲ့စည်းတည်ထောင်မယ်ဆိုရင် အခြေခံကျတဲ့ တိကျခိုင်မာတဲ့ နိုင်ငံရေးမူဝါဒ၊ နိုင်ငံရေးလမ်းစဉ်၊ နိုင်ငံရေးကျင့်စဉ်နဲ့ ဖွဲ့စည်းတည်ဆောက်မှုအဆင့်ဆင့်ရှိရန် လိုအပ်ပါတယ်။ ဒီအချက်များနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အခြေခံအကျဆုံးမူဝါဒဟာ **"လူအများ ကောင်းစားရေးဝါဒ"** ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတည်ထောင်ပြီး လူတစ်စု၊ လူတစ်ဖွဲ့၊ လူနည်းစုကောင်းစားရေးအတွက်မဟုတ်ဘဲ လူအများစုဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တဲ့ လူသားအားလုံးကောင်းစားရေးဝါဒဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"**လို့ သတ်မှတ်ပြီး ပြည်သူကိုအမိကထား၊ ပြည်သူကိုဗဟိုပြု၊ ပြည်သူကို လေးလေးနက်နက်မဏ္ဍိုင်ပြုထားတဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်။ ပါတီရဲ့အတွေးအခေါ် အယူအဆတွေ၊ ပါတီရဲ့လက်တွေ့ဆောင်ရွက်ချက်တွေဟာ ပြည်သူ့အကျိုးစီးပွားကို မထိခိုက်စေရ၊ ပြည်သူရဲ့ကောင်းကျိုးသာဖြစ်ရမယ်လို့ ခံယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ပါတီရဲ့လမ်းစဉ်ကိုကြည့်မယ်ဆိုရင် **"ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်"** လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံနဲ့ပြည်သူအတွက် ချမှတ်တဲ့လမ်းစဉ်တွေကိုလည်း ပြည်သူ့အကျိုးစီးပွားနဲ့ မကင်းကွာဘဲ ချမှတ်ကြရမယ်လို့ တိတိကျကျ ညွှန်ပြထားပါတယ်။

ဒီမူဝါဒ၊ လမ်းစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ မဇ္ဈိမပဋိပဒါ ကျင့်စဉ်နဲ့အညီ အမှားတွေကိုမြင်အောင်ကြည့်၊ တွေ့အောင်ရှာပြီး လွတ်အောင်ရှန်းကြရမယ်ဆိုတဲ့ ဝါဒ၊ လမ်းစဉ်ကျင့်စဉ်တွေနဲ့အညီ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီစုံဒီမိုကရေစီစနစ်မှာ ဂုဏ်သိက္ခာရှိပြီး သက်တမ်းအရှည်ဆုံး ပါတီတစ်ရပ်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့မှာ (၃၇)နှစ်ပြည့်မြောက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီလိုရပ်တည်နေနိုင်တာဟာ ပါတီဝင်တွေရဲ့ ပါတီအပေါ် လေးစားယုံကြည်မှု၊ ချစ်ခင်မြတ်နိုးမှုနဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ရှိပြီး စည်းလုံး ညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြလို့သာဖြစ်ပါတယ်။ သက်တမ်းရှည်ကြာသည်နှင့်အမျှ အတွေ့အကြုံတွေ အမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် သည်းခံနိုင်မှု၊ စိတ်ရှည်မှု၊ ခွင့်လွှတ်နိုင်မှုစတဲ့ အလေ့အကျင့်များရရှိကာ တည်ငြိမ်ရင့်ကျက်စွာနဲ့ ဆောင်ရွက်နိုင်တဲ့ ရလဒ်ကောင်းတွေကို ရရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို တည်ငြိမ်ရင့်ကျက်မှုတွေကြောင့် ပါတီအပေါ် ဝေဖန်မှု၊ အပြစ်ရှာပြောဆိုမှုတွေကို စိတ်ရှည်ရှည်နဲ့ ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပြီး ပြဿနာများပြေလည်ကာ ရန်သူမရှိဘဲ မိတ်ဆွေတွေတိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိတဲ့ ပါတီတွေနဲ့ဆက်ဆံရာမှာ ပါတီကြီး၊ ပါတီငယ်ဆိုတဲ့ သဘောထားမျိုးလုံးဝမရှိဘဲ တန်းတူရည်တူသဘောထားပြီး လေးလေးစားစားနဲ့ အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိနေပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဆိုတဲ့ ပါတီအမည်နဲ့အညီ ပါတီမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်လျက်ရှိနေပါတယ်။ တိုင်းဒေသကြီးများနဲ့ ပြည်နယ်တွေမှာ ပါတီကော်မတီတွေကို ဖွဲ့စည်းထားပြီး တိုင်းရင်းသားလူမျိုးများကိုယ်တိုင် ပါဝင်လှုပ်ရှားလျက်ရှိနေကြပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်တဲ့ နည်းဥပဒေညွှန်ကြားချက်များနဲ့အညီ ပါတီအင်အား(၁၅၁၉၀၀) ဦးကို ပုံစံ(၈)ဖြင့် သတ်မှတ်ကာလအတွင်း တင်ပြနိုင်ခဲ့လို့ ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ပါတီဝင်(၁၀၃၇၄၅)ဦးကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ခရိုင်ကော်မတီများနဲ့ မြို့နယ်ပေါင်း(၂၈၅)မြို့နယ်တွေမှာလည်း မြို့နယ်ကော်မတီတွေဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်လျက်ရှိနေပါတယ်။

မိမိပါတီရဲ့နှစ်ပတ်လည်နေ့အပါအဝင် နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့၊ အမျိုးသမီးများနေ့၊ နိုင်ငံတကာလူငယ်များနေ့များကိုလည်း ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနဲ့ မြို့နယ်တွေမှာ အခမ်းအနားတွေကို ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီလိုကျင်းပပြုလုပ်ခြင်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာနဲ့ တိုင်းပြည်ချစ်စိတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များ ခိုင်မာစေရန် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော့်အနေနဲ့ ဆက်ပြီး တင်ပြလိုတာကတော့ **"နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး"**ပဲ ဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခြေပြုပြီး တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံရေးဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ညီရင်းအစ်ကို တိုင်းရင်းသားများအားလုံး လက်ခံပြီး လက်တွေ့ကျကျ ဆွေးနွေးညှိနှိုင်း အဖြေရှာကြဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ပါတီက ဒီမိုကရေစီကို အပြည့်အဝလက်ခံထားသလို ဖက်ဒရယ်စနစ်ကိုလည်း လေးလေးနက်နက် ယုံကြည်မှုရှိတဲ့ပါတီဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအချက်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပါတီက တိုင်းရင်းသားလူမျိုးများအပေါ်မှာ ထားရှိတဲ့ သဘောထား(၃)ရပ်ကို အခိုင်အမာ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီသဘောထားတွေကတော့ -

(၁) တိုင်းရင်းသားလူမျိုးများအတွင်း အခွင့်ထူးခံမှုမရှိစေရဘဲ တန်းတူရည်တူရှိစေရေး၊

(၂) တိုင်းရင်းသားမျိုးနွယ်စုတစ်ခုချင်းစီရဲ့ မိမိတို့ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စသည်များနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး၊

(၃) တိုင်းရင်းသားမျိုးနွယ်စုများအားလုံးအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရာမှာ ညီညာသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရမယ်လို့ အခိုင်အမာပြဋ္ဌာန်းထားပြီး လက်တွေ့ဘဝမှာ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

ကျွန်တော်တို့ပါတီရဲ့ ခံယူချက်ကတော့ ငြိမ်းချမ်းရေးကို လက်နက်နဲ့ ဖြေရှင်းလို့မရနိုင်ဘဲ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရအောင် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အပြန်အလှန် အပေးအယူတွေလုပ်ကာ အဖြေရှာကြမယ်ဆိုရင် ရလဒ်ကောင်းတွေ ရနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ပတ်သက်လို့ **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်"**(NCA) ဖြစ်ထွန်းရေးမှစတင်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ (NCA)ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ နိုင်ငံရေးမူဘောင်(Political Frame Work) ရေးဆွဲတဲ့လုပ်ငန်းများမှာလည်း အစကတည်းက ပါဝင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးညီလာခံအဆင့်ဆင့်ကိုလည်း တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဟာ **"နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေး"**ကို ရရှိနိုင်ဖို့ စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ပြည်သူတွေကို လေးလေးနက်နက် ကတိပေး တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

**"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"** နဲ့ **"ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်"**တို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့နဲ့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ကျင်းပပြုလုပ်မယ်လို့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲဟာ တိုင်းပြည်နဲ့ပြည်သူအတွက် အမှန်တကယ်လိုအပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်တယ်လို့ နိုင်ငံရေးအရ ယုံကြည်လက်ခံထားပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရရှိလာမယ်လို့ မျှော်မှန်းထားပါတယ်။ ပြည်သူတွေကို တင်ပြလိုတာက ဒီမိုကရေစီ တကယ်လိုချင်ရင် ရွေးကောက်ပွဲနဲ့ ဖြတ်သန်းရပါလိမ့်မယ်။



ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲဟာ ခေါင်းနဲ့ပန်းလိုပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အေးချမ်းတည်ငြိမ်ဖို့ ဒီမိုကရေစီရဖို့ ဆိုရင် ရွေးကောက်ပွဲနဲ့ဖော်ဆောင်သွားရမှာဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူအားလုံးက ရွေးကောက်ပွဲကို တရားမျှတစွာ အေးအေးချမ်းချမ်း ကျော်ဖြတ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့လည်း ရွေးကောက်ပွဲ အောင်မြင်ရေးသည် ပါတီရဲ့အဓိက တာဝန်တစ်ရပ်လို့ သတ်မှတ်ထားပါတယ်။ ရွေးကောက်ပွဲမှာ လွှတ်တော်အဆင့်ဆင့်မှာ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်ပေါင်း (၇၀၃)ဦး ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ဒုတိယအင်အားအများဆုံးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းများ တင်သွင်းရာမှာ အမျိုးသား၊ အမျိုးသမီး အချိုးအစား၊ လူငယ်၊ လူလတ်၊ လူကြီးမျှတစွာပါဝင်မှုနဲ့ တိုင်းရင်းသားမျိုးနွယ်စုများ စုံလင်စွာ ပါဝင်နိုင်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေနဲ့ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ပြည်သူတွေကို ထုတ်ဖော်တင်ပြရတဲ့ ပါတီရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းကို လေးလေးစားစားထုတ်ပြန်တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာ မိမိတို့ကို တာဝန်ပေးအပ်လာရင် တိုင်းပြည်အတွက် ဘယ်လိုစီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူထုလူတန်းစားများအရေး စတဲ့ ကဏ္ဍပေါင်းစုံကို တလေးတစား တင်ပြထားပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲရဲ့အနိုင်အရှုံးကို ပြည်သူတွေက ဆုံးဖြတ်ပေးရတာဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အဆုံးအဖြတ်ကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများ မိမိတို့ရဲ့ ဆန္ဒတွေကို ဖော်ထုတ်ကြတဲ့အခါမှာ စပါးနှံနဲ့ ပင်နယန် အမှတ်တံဆိပ်ပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ထောက်ခံဆန္ဒမဲပေးသွားကြပါလို့ လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား -

**"ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနဲ့ ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ"**

ဒို့ ပါတီ

တိုင်းရင်းသားအားလုံး ........... ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ .............. အောင်ရမည်။
မြန်မာပြည် ... ဒို့တိုင်းပြည် .... မြန်မာတို့ရဲ့ ဇာတိသွေးက ဖွဲမာန်အပြည့် ရှိသည်၊ တိုင်းရင်းသားတို့ ထာဝရ စည်းလုံးညီညွတ်မည်၊
အမျိုးသားရေးကို ဦးတည်............. နိုင်ငံတော်ကို ချစ်မြတ်နိုးသည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ .............. အောင်ရမည်။
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့...........မဲရုံသို့ သွားကြပါစို့၊
တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ရရှိဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ ...........မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ........ မဲရုံသို့ သွားကြပါစို့၊
အခြေခံလူတန်းစားများရဲ့ စီးပွားရေးဘဝ မြှင့်တင်နိုင်ဖို့ ...၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ....... မဲပေးကြပါစို့၊
မဲရုံသို့ .......မဲရုံသို့ သွားကြပါစို့၊
မဲရုံသို့ ..........မဲရုံသို့ သွားကြပါစို့၊
ပြည်သူများအတွက် မျှော်လင့်ချက်အသစ် ဖော်ဆောင်ဖို့၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ..... မဲပေးကြပါစို့၊
တိုင်းရင်းသားအားလုံး ............ညီညွတ်မည်။
ညီရင်းအစ်ကိုပမာ ဒို့ချစ်သည်၊ ထာဝစဉ်မခွဲလက်တွဲမည် ဒါမှဒို့ပါတီ၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ........... အောင်ရမည်။
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ..............အောင်ရမည်။
အောင်ရမည်။

# ရခိုင့်ဦးဆောင်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၃၀

ရခိုင့်ဦးဆောင်ပါတီ(Arakan Front Party – AFP)ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



မင်္ဂလာပါ။

**ပြည်ထောင်စုဖွား၊ မိဘပြည်သူများ ခင်ဗျာ။**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဦးစွာဆုမွန်ကောင်းများ တောင်းအပ်ပါတယ်။ ကျွန်တော်က ရခိုင့်ဦးဆောင်ပါတီ(Arakan Front Party-AFP)ရဲ့ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် နိုင်ငံရေးပါတီကြီးတိုင်းဟာ မိမိတို့ပါတီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် နိုင်ငံတော်အား စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ အစိုးရအာဏာရရှိရေး ဦးတည်ကြစမြဲဖြစ်ပါတယ်။

နည်းတူ တိုင်းဒေသကြီး/ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီငယ်များသည်လည်း မိမိတို့ဒေသ၏ စီမံခန့်ခွဲပိုင်ခွင့်ရရှိရေး တစ်နည်း ဒေသအစိုးရ၊ ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းနိုင်ရေးနှင့် ဒေသအစိုးရ၌ လည်းကောင်း၊ ဒေသဆိုင်ရာလွှတ်တော်၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ စသည်ဖြင့် ရရှိနိုင်ရေး ဦးတည်ကြစမြဲ ဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံတော်၏ လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အကျပ်အတည်းနှင့် သဘာဝဘေးဒဏ်၊ လူလုပ်ဘေးဒဏ်တို့ကြောင့် ကြုံတွေ့ရင်ဆိုင်နေရသည့် မြန်မာလူထု၏ လူမှုဒုက္ခပေါင်းစုံမှ ကျော်လွှားစေနိုင်မည့် နိုင်ငံတော်တည်ဆောက်ရေး(Nation Building & State Building) ကဏ္ဍသည် အလွန်အရေးကြီးပြီး အလွန်နက်ရှိုင်းကျယ်ဝန်းသည်ဟု ရခိုင့်ဦးဆောင်ပါတီမှ ခံယူပါသဖြင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍ၏ အရေးအကြီးဆုံး အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့ငြိမ်းချမ်းရေးကဏ္ဍ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အမျိုးသားညီညွတ်ရေးကဏ္ဍတို့၌ ရခိုင့်ဦးဆောင်ပါတီသည် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်း ကူညီပေးနိုင်ရေးသည် လက်တွေ့ကျပြီး အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်ဟု လည်းကောင်း၊

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ရင်းပြန်နိုင်ရေး၊ ရခိုင်ဒေသ၏ ကျေးလက်နှင့် မြို့ပြ ပြန်လည်တည်ဆောက်ရေးနှင့် ရခိုင်လူထု၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေးတို့သည် အလွန်အရေးကြီးပြီး လက်ငင်းလိုအပ်ချက်များဖြစ်သဖြင့် ရခိုင့်ဦးဆောင်ပါတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရခိုင်ဒေသပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရမည်ဟု လည်းကောင်း၊ ရခိုင့်ဦးဆောင်ပါတီ၏ လက်တွေ့ကျသည့် ရေတိုရေရှည် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဖြစ်ခဲ့ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီရဲ့ **နိုင်ငံရေးမူဝါဒနှင့် အခြေခံသဘောတရားများကို** အကျဉ်းတင်ပြလိုပါတယ်။

"ရခိုင်တို့၌ အလေးအနက်ထားရမည့် အကျပ်အတည်းကြီးရှိသည်။ ယင်းမှာ အနောက်ဘက် နယ်စပ်လုံခြုံရေးဖြစ်သည်။ အလေးအနက်ထားရမည့် ပင်မအကျပ်အတည်းကိစ္စရပ်ကြီး၊ နိုင်ငံ၏အချုပ်အခြာအာဏာအား ထိပါးလာနိုင်သည့် အကျပ်အတည်းကိစ္စရပ်ကြီးဟု ခံယူလျက်"-

ရခိုင်ဒေသ၏ တည်ရှိမှု ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အား အားသာချက်တို့အား အကြောင်းပြုလျက် ပြည်ပအင်အားကြီးတို့၏ အားပြိုင်လွှမ်းမိုးလိုမှုကြောင့် ရိုက်ခတ်လာနိုင်သည့် ဒေသတွင်းအလှုပ်အခတ်တို့ကို ဦးဆောင်တုံ့ပြန်နိုင်ရန် ပညာရှင်ဆန်သော ရခိုင်လူထု၏ သစ္စာခံသော ဦးဆောင်နိုင်ငံရေးပါတီတစ်ရပ်သည် ရခိုင်ဒေသ၌ တည်ရှိရန် လိုအပ်ချက်ကြောင့် သွေးစည်းညီညွတ် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းရေး မျှော်မှန်းလျက် -တည်ထောင်ခဲ့သော ရခိုင့်ဦးဆောင်ပါတီသည် **"အစွန်းမရောက်သည့် အမျိုးသားရေးအခြေပြုမူဝါဒနှင့် အခြေခံသဘောတရား"**ရှိသည့် ပါတီတစ်ခု ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီ ဖွဲ့စည်းစဉ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပါတီတည်ထောင်ဖွဲ့စည်းရခြင်း **"ရည်ရွယ်ချက် (၇)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်"**တို့အား ဆက်လက်တင်ပြလိုပါတယ်။

ဦးစွာ ပါတီတည်ထောင်ရခြင်းရဲ့ **ရည်ရွယ်ချက် (၇)ရပ်**အား တင်ပြလိုပါတယ်။

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်၏ ရပိုင်ခွင့်အပြည့်အဝရှိသော ရခိုင်ပြည်နယ်အဖြစ် ပြည်ထောင်စုအတွင်း ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြားသော တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန်၊

(ဂ) ရခိုင်တိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိအခြားတိုင်းရင်းသားများ၏အကျိုးစီးပွားကိုဖော်ဆောင်ရန်နှင့် အဆိုပါအကျိုးစီးပွားများ ရေရှည်တည်တံ့ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ဒီမိုကရေစီစနစ် ပီပြင်စွာထွန်းကားရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(င) ရခိုင်အမျိုးသားများ သွေးစည်းညီညွတ်ရေးနှင့် သန့်ရှင်းအားကောင်းသော နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(စ) ရခိုင်လူမျိုးနှင့် ရခိုင်ပြည်နယ်၏ တည်ရှိမှုကိုသာမက ပြည်ထောင်စု၏ အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်နေသည့် ရခိုင်ဒေသအနောက်ဘက် နယ်စပ်လုံခြုံရေးအား အလေးထားကာကွယ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဆ) ရခိုင်ပြည်နယ် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များအနက် အရေးကြီးသည့် **လုပ်ငန်းစဉ်များမှာ**-

(က) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ရခိုင်တိုင်းရင်းသားတို့၏ ရပိုင်ခွင့် အပြည့်အဝရရှိရေး အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန်၊

(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဂ) ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး တိုးတက်ကောင်းမွန်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဃ) ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(င) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနှင့် မကိုက်ညီသော အချက်အလက်များကို ပြင်ဆင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(စ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဆ) ရခိုင်ပြည်နယ်တွင်း တိုင်းရင်းသားအလုပ်သမားတို့၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဇ) ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးစီးပွားများကို ရခိုင်တိုင်းရင်းသားများအနေဖြင့် အမြင့်မားဆုံး အကျိုးခံစားခွင့်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဈ) ရခိုင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့နှင့် အခြားအမွေအနှစ်များအား ရှာဖွေထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားရန်၊ ရခိုင်လူမျိုးတို့၏ အဓိကသမိုင်းအမွေအနှစ် ယဉ်ကျေးမှုနယ်မြေတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ဆောင်ရွက်ရန်၊

(ည) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်မြင့်မား ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားရန်၊

(ဋ) ရခိုင်ပြည်နယ်၏ အနောက်ဘက်နယ်စပ်ဒေသလုံခြုံရေးအား အလေးထား ဆောင်ရွက်ရန်၊

(ဌ) ရခိုင်တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး ပြည်ပနိုင်ငံများ၌ ဘေးကင်းလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မိမိနိုင်ငံသို့ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရောက်ရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရန်၊

(ဍ) နေရပ်စွန့်ခွာ ရခိုင်သူ ရခိုင်သားများ ပြန်လည်အခြေစိုက်နိုင်ရန်အလို့ငှာ၊ ၎င်းတို့အတွက် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဎ) ကမ္ဘာကြီး ပူနွေးလာမှုလျှော့ချနိုင်ရေး အားထုတ်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝန်းနှင့် လက်တွဲကာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုများတွင် ကူညီပံ့ပိုးသွားရန်၊

(ဏ) ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်ရသည့် သဘာဝဘေးအန္တရာယ်များနှင့် လူသားအရင်းခံ ဘေးအန္တရာယ်များကြောင့် နောက်ဆက်တွဲ လုပ်ဆောင်ရသည့် ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါတီအနေဖြင့် ဖြစ်နိုင်သမျှသော စွမ်းပကားများဖြင့် ပါဝင်ဆောင်ရွက်ရန်၊

(တ) ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များပေါ်ထွန်းရေးအပြင် ဒေသတွင်းကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ထ) ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား ဦးဆောင်ဖွဲ့စည်းတာဝန်ယူရမည့် အခြေအနေ ပေါ်ပေါက်လာပါက တာဝန်ယူနိုင်သည့် စွမ်းပကားရှိနေအောင် မူဝါဒရေးရာပိုင်းနှင့် ပါတီ၏ လူ့စွမ်းအားအရည်အသွေးပိုင်းကို စဉ်ဆက်မပြတ်တည်ဆောက်ကာ အဆင်သင့်ပြင်ဆင်ထားရန်၊

(ဒ) ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားလူငယ်များနှင့် ရခိုင်မျိုးနွယ်စုလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးအား ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဓ) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီ၏ **"လက်ရှိ စစ်ရေး၊ နိုင်ငံရေး အကျပ်အတည်းကာလ၌ အထူးအလေးထားပြီး ရေတို၊ ရေရှည် အဓိကဦးစားပေး ကြိုးပမ်းဆောင်ရွက်သွားမည့်"** ရခိုင့်ဦးဆောင်ပါတီ၏ **ရှေ့လုပ်ငန်းစဉ်များ**ကတော့ -

(၁) ပြည်ထောင်စု ငြိမ်းချမ်းရေးရရှိသည်အထိ သက်ဆိုင်သူများနှင့် ဘက်ပေါင်းစုံမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) ရခိုင်ဒေသငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏ စိတ်အေးချမ်းသာမှုနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများကို တတ်စွမ်းသရွေ့ ဆောင်ရွက်ရန်၊

(၅) ရခိုင်စစ်ဘေးရှောင်များ နေရပ်ရင်းပြန်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားမှုများကြောင့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စရိတ်ကြီးမားသည့် ရခိုင်ပြည်သူများ၏ အခက်အခဲကို ကြိုးစားဖြေရှင်းရန်၊

(၇) ရခိုင်ဒေသနေ လူမျိုးနွယ်စု အချင်းချင်း အေးချမ်းတည်ငြိမ်လုံခြုံစွာ၊ သဟဇာတရှိစွာ၊ အတူယှဉ်တွဲနေထိုင်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်၊

(၉) ရခိုင်ဒေသ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ၌ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

**မိဘပြည်သူများ ခင်ဗျာ -**

အထက်တင်ပြပါ ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် လက်ရှိကာလတွင် အထူးအလေးထားဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များပါ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရခိုင့်ဦးဆောင်ပါတီ၏ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်အသီးသီးသို့ ရွေးချယ်စေလွှတ်ခံရရန် လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ အခြေခံအကျဆုံးသော လူထုရဲ့ ထောက်ခံမှု၊ ယုံကြည်လက်ခံမှုနှင့် မိမိတို့အား ကိုယ်စားပြုမည့် ပုဂ္ဂိုလ်နှင့် ပါတီအား ရွေးချယ်ပေးတဲ့ စာမေးပွဲကြီးတစ်ရပ် ဖြစ်ပါတယ်။ တစ်နည်းဥပဒေပြု လွှတ်တော်တစ်ရပ်ရပ်ရဲ့ ဝင်ပေါက်တံခါးဝလည်း ဖြစ်ပါတယ်။

ပါတီတစ်ခုသည် လည်းကောင်း၊ ပါတီကိုယ်စားပြု အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် လည်းကောင်း၊ လူထု၏ ယုံကြည်မှု၊ အားကိုးမှု၊ ယုံကြည်အားကိုးထိုက်သည့် လုံလောက်သော ပညာအရည်အချင်း၊ ဉာဏ်ရည်၊ သတ္တိ ဇွတ္တိနှင့် ရဲရင့်မှု စသည့် နှလုံးရည်၊ လက်ရုံးရည်ရှိရန် လိုအပ်သလို နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ လူမျိုးနှင့် လူထုအပေါ်၊ သစ္စာရှိပြီး ရိုးသားကြရန်၊ ကိုယ်ကျင့်သိက္ခာပြည့်ဝကြရန်၊ ပြည်သူကို အစွမ်းကုန် အလုပ်အကျွေးပြုကြရန်နှင့် အလုပ်ကြိုးစားကြရန် လိုအပ်ပါတယ်။

သို့မှသာ "ပါတီနှင့် လူထု" သည် လည်းကောင်း၊ "ပါတီနှင့် ကိုယ်စားလှယ်များ"သည် လည်းကောင်း၊ "ပါတီ၊ ကိုယ်စားလှယ်နှင့် လူထု" တို့သည်လည်းကောင်း၊ တစ်သားတည်းဖြစ်သွားမှာ ဖြစ်သလို နိုင်ငံတော်အပေါ်၊ ဒေသနှင့် ပြည်နယ်အပေါ်၊ အပြန်အလှန်အကျိုးပြုရင်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ ခင်ဗျာ -**

**ရခိုင်အမျိုးသားများနှင့် ရခိုင်မျိုးနွယ်စုဝင် မိဘပြည်သူများ ခင်ဗျာ -**

ရခိုင့်ဦးဆောင်ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တင်ပြခဲ့ပြီးပါပြီ။ ရခိုင့်ဦးဆောင်ပါတီအပေါ် လေ့လာသုံးသပ်ပေးကြပါ။ ရခိုင့်ဦးဆောင်ပါတီကို ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်း၊ ဉာဏ်ရည်စွမ်းဆောင်ချက်များနှင့် ရိုးသားမှု၊ ကြိုးစားမှု၊ ကိုယ်ကျင့်သိက္ခာ၊ ရခိုင်ပြည်နယ် ရခိုင်လူမျိုးနှင့် ပြည်ထောင်စုအကျိုး၊ ပြည်ထောင်စု ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သစ်ဆီသို့ ဦးတည်သည့် ရည်မှန်းချက်များအပေါ် သဘောပေါက်စွာဖြင့် ရခိုင့်ဦးဆောင်ပါတီမှ ကိုယ်စားလှယ်လောင်းများ သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ ရောက်ရှိရေး ရွေးချယ်ပေးကြဖို့ ဆန္ဒမဲပေးကြဖို့ လေးနက်စွာတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**ပြည်ထောင်စုဖွား မိဘပြည်သူများ၊**

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရသကို အမြန်ဆုံး ခံစားနိုင်ကြပါစေ။ ရခိုင်ပြည်နယ်အမြန်ဆုံး ငြိမ်းချမ်းတည်ငြိမ်ပါစေ။

စစ်ဘေးရှောင်များ အမြန်ဆုံး နေရပ်ရင်းပြန်နိုင်ကြပါစေ။

ရခိုင့်ဦးဆောင်ပါတီ
(ဗဟိုအလုပ်အမှုဆောင်အဖွဲ့)

**ရခိုင့်ဦးဆောင်ပါတီ (AFP) သီချင်း**

# ရခိုင်ပြည်သူတွေ ဒုက္ခပင်လယ်ထဲ မုန်တိုင်းတွေက ဖြတ်သန်းနေတဲ့အချိန် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်နဲ့ ပေးဆပ်ရန်အတွက် သန္နိဋ္ဌာန်ချထားပါတဲ့ ရခိုင့်ဦးဆောင်ပါတီ။
# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party
# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party
# ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်မည်။
ပြည်သူတို့အတွက် သတ္တိရှိရှိ ထုတ်ဖော်မည်။
# ရခိုင့်ဦးဆောင်ပါတီကို မဲပေးကြမယ်။
ရခိုင်ပြည်အနာဂတ်အတွက်လေ။
# ရခိုင့်ဦးဆောင်ပါတီနှင့်အတူ ချီတက်ကြမယ်။
ရခိုင်ပြည်အေးချမ်းဖွံ့ဖြိုးဖို့အတွက်လေ။
# ရခိုင့်ဦးဆောင်ပါတီ – AFP – Arakan Front Party
# ရခိုင်ပြည်သူအားလုံးအတွက် AFP – Arakan Front Party




## နည်းပြ ကီရန်မက်ကန်နာကို နည်းပြအသစ်အဖြစ် ခန့်အပ်ရန် ဆဲလ်တစ်အသင်း ဆွေးနွေး

**လန်ဒန် အောက်တိုဘာ ၃၀**

ဆဲလ်တစ်အသင်းသည် အသင်းနည်းပြအသစ်အဖြစ် အစ်ဆွစ်ချ်အသင်း နည်းပြ ကီရန်မက်ကန်နာကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြသည် လက်ရှိအချိန်တွင် အစ်ဆွစ်ချ်အသင်းကို ကိုင်တွယ်နေပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆဲလ်တစ်အသင်းက နည်းပြအသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ကီရန်မက်ကန်နာ ကိုယ်တိုင်ကလည်း အတွေ့အကြုံအသစ်များ ထပ်မံရရှိရန်အတွက် ဆဲလ်တစ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ ကီရန်မက်ကန်နာကို ဆဲလ်တစ်အသင်းနည်းပြအသစ်အဖြစ် မြင်တွေ့ရမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)





## ဂျူဗင်တပ်အသင်းက အူဒီးနီးစ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် အောက်တိုဘာ ၃၀**

အီတလီစီးရီးအေ ပွဲစဉ်(၉) အဖြစ် ယနေ့ နံနက်ပိုင်းက ဂျူဗင်တပ်အသင်းနှင့် အူဒီးနီးစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျူဗင်တပ်အသင်းက အူဒီးနီးစ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ငါးမိနစ်တွင် ဗလာဟိုဗစ်၊ ပွဲချိန် ၆၇မိနစ်တွင် ဖက်ဒရီကိုဂတ်တီ၊ ပွဲချိန် (၉၀+၆)မိနစ်တွင် ယီဒစ်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေပွဲစဉ်(၉)ပွဲကစားအပြီးတွင် ရမှတ် ၁၅ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၇) နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ပုံ) (NGB)

## ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ကာမာဗင်ဂါ ပြောကြား

**မက်ဒရစ် အောက်တိုဘာ ၃၀**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကာမာဗင်ဂါက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ပျော်ရွှင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

ကွင်းလယ်ကစားသမား ကာမာဗင်ဂါသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၈ ပွဲ ကစားပြီး ငါးဂိုး သွင်းယူထားသည်။ (အောက်ပုံ)

အသက်(၂၂)နှစ်အရွယ်ရှိ ကာမာဗင်ဂါက "ကျွန်တော် ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားချင်ပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းမှာပဲ ပျော်ရွှင်နေပါတယ်"ဟု ပြောသည်။ (NGB)



## အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် အောက်တိုဘာ ၃၀**

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဆင်နယ်အသင်းနှင့် ခရစ္စပဲလေ့စ်အသင်း၊ မန်စီးတီးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်း၊ နယူးကာဆယ်အသင်းနှင့် ဖူလ်ဟမ်အသင်း၊ ကာဒစ်ဖ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များသည် လာမည့် ဒီဇင်ဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (အောက်ပုံ)

(NGB)




## 2025 Hellenic Championship တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၂ ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၃၀**

ဂရိနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Hellenic Championship တင်းနစ်ပြိုင်ပွဲသည် လာမည့် နိုဝင်ဘာ ၂ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Hellenic Championship တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၉ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Hellenic Championship တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

2025 Hellenic Championship တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁၆၆၉၀ ရရှိသွားမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဂိုးသမား တာစတီဂျန်ကို ခေါ်ယူရန် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် အောက်တိုဘာ ၃၀**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ဘာစီလိုနာအသင်း ဂိုးသမား တာစတီဂျန်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၃)နှစ် အရွယ်ရှိ ဂိုးသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၂ ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့က အပြိုင် ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂိုးသမား တာစတီဂျန်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ဘာစီလိုနာအသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ဘာစီလိုနာအသင်းထံမှ တာစတီဂျန်ကို မည်သည့်အသင်းက ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## ဆာကာသည် အာဆင်နယ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်

**လန်ဒန် အောက်တိုဘာ ၃၀**

အာဆင်နယ်အသင်းသည် အသင်းတောင်ပံကစားသမား ဆာကာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။




တောင်ပံကစားသမား ဆာကာသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၄ပွဲကစားပြီး ၇၄ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အာဆင်နယ်အသင်းထုတ်ပြန်ချက်တွင် "ဆာကာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်ထားသည်။

(ဝဲပုံ) (NGB)

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁-၁၁-၂၀၂၅ နံနက်၀၂:၃၀နာရီ | (၁၆)ဝရက်ဇ်ဟမ်း – ကိုဝင်ထရီ(၁) (D,D,L,W,D) (W,W,W,W,W) | ဝရက်ဇ်ဟမ်း ၃-၄ ကိုဝင်ထရီ (၈-၁-၂၀၂၃ အက်ဖ်အေဖလားပွဲ) | ဝရက်ဇ်ဟမ်း(အိမ်) | ၆ | ၁ | ၃ | ၂ | ၈ | ၁၀ |
| | | | ကိုဝင်ထရီ(ဧည့်) | ၆ | ၄ | ၂ | - | ၁၈ | ၆ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁-၁၁-၂၀၂၅ နံနက်၀၂:၀၀နာရီ | (၁၅)အော့စ်ဘတ် – ဒေါ့မွန်(၄) (L,L,W,D,L) (W,W,D,L,W) | အော့စ်ဘတ် ၂-၁ ဒေါ့မွန် | အော့စ်ဘတ်(အိမ်) | ၄ | ၁ | - | ၃ | ၆ | ၁၄ |
| | | ဒေါ့မွန် ၀-၁ အော့စ်ဘတ် | ဒေါ့မွန်(ဧည့်) | ၄ | ၂ | ၁ | ၁ | ၈ | ၅ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁-၁၁-၂၀၂၅ နံနက်၀၂:၃၀နာရီ | (၁၀)ဂီတာဖေး – ဂျီရိုနာ(၂၀) (D,D,L,L,W) (D,D,W,L,D) | ဂီတာဖေး ၀-၁ ဂျီရိုနာ | ဂီတာဖေး(အိမ်) | ၄ | ၁ | ၂ | ၁ | ၄ | ၃ |
| | | ဂျီရိုနာ ၁-၂ ဂီတာဖေး | ဂျီရိုနာ(ဧည့်) | ၄ | - | ၂ | ၂ | ၃ | ၉ |

## ဘောလုံးသတင်း အတိုအထွာများ

* ရီးရဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဘာစီလိုနာအသင်းသည် နာပိုလီအသင်း ကွင်းလယ်ကစားသမား တော်မီနေးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

(NGB)

# မြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် လမ်းတံတားဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနတို့မှ ဌာနမှူးများနှင့် တာဝန်ရှိသူများလိုက်ပါ ကာ ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိမ်းလန်းစိုပြည် သာယာလှပရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို လှည့်လည်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။






ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ အရှေ့မြို့ပတ်လမ်းမကြီးနှင့် ၁၉ လမ်းဆုံ မီးပွိုင့်နေရာသို့ ရောက်ရှိကြပြီး ယခင်မူလလမ်းဟောင်းတွင် ပုသိမ်ကြီးမြို့မှ ဝင်ရောက်လာသည့် ဆိုင်ကယ်၊ ကားများနှင့် မြို့ပတ်လမ်းအသုံးပြုသည့် ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ဆိုင်ကယ်၊ ကားများပိတ်ဆို့မှုဖြစ်ပေါ်လာကာ ယာဉ်ကြောကျပ်တည်းမှုအားဖြေရှင်းနိုင်ရန် ၁၉ လမ်းမကြီးဘေးဝဲ၊ ယာလမ်းချဲ့ထွင်ခြင်း၊ နိုင်လွန်ကတ္တရာလမ်းခင်းကျင်းခြင်း၊ ပုသိမ်ကြီးမြို့သို့ ဝင်၊ ထွက်ရာလမ်းကြောင်းသစ် တိုးချဲ့ပေးခြင်းနှင့် လမ်းဆုံမီးပွိုင့် အသစ်များတိုးချဲ့တပ်ဆင်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ အဆိုပါ မီးပွိုင့်လမ်းဆုံ၌ တြိဂံပုံစံနေရာလွတ်အား မြို့အဝင်သာယာလှပရေးအတွက် ပန်းခြံငယ်တည်ဆောက်နေခြင်းအား ကြည့်ရှုစစ်ဆေးပြီး အမြန်ပြီးစီးရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးအား စီစဉ်ဆောင်ရွက်စေခဲ့ပြီး အဆိုပါ လမ်းပိုင်းသစ်တစ်လျှောက်လမ်းဘေးဝဲ၊ ယာကတ်တုံးများနှင့် လမ်းပေါ်တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အမှတ်အသား ဆေးလိုင်းများ ရေးဆွဲပြီးစီးရေးကို လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့အား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အရှေ့မြို့ပတ်လမ်းမကြီးနှင့် ၂၆ လမ်းဆုံ၌ လမ်းတံတားဌာနမှ သာမိုပလတ်စတစ်ဆေးလိုင်းဆွဲစက်ဖြင့် ယာဉ်ကြောပြအမှတ်အသား မျဉ်းလိုင်းများ ရေးဆွဲနေမှုကို ကြည့်ရှုကာ မြို့တော်ဝန်က မြို့တွင်းလမ်းအသီးသီး၌ ဆေးရောင်မှိန်နေသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြဆေးလိုင်းများကို ပေါ်လွင်ထင်ရှားနေအောင် ထပ်မံရေးဆွဲဆောင်ရွက်ပေးရန် လမ်းတံတားဌာန ဌာနမှူးအား ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ ၁၁၀ လမ်း(မနော်ဟာရီလမ်း)နှင့် ပန်းရန်တော်ချောင်းဆုံနေရာသို့ ရောက်ရှိကြပြီး ၅၅ လမ်းနှင့် ၅၆ လမ်းကြား၊ ၁၀၉ လမ်းနှင့် ၁၁၀ လမ်းကြားတွင် အလျား ၆၀၃ ပေ၊ အနံ(တောင်ဘက်ခြမ်း ၆၃ ပေ၊ မြောက်ဘက်ခြမ်း ၄၁ ပေ)ရှိ ကျူးရှင်းလင်းထားပြီးဖြစ်သည့် မြေလွတ်နေရာအား ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် အားကစားပြုလုပ်နိုင်ရန်အတွက် ပန်းခြံတစ်ခုတည်ဆောက်ရန် မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးက ဆောင်ရွက်သွားမည့် ပန်းခြံအတွင်း ကွန်ကရစ်လျှောက်လမ်း၊ ပန်းပိုင်းနှင့် ပန်းခုံများ စိုက်ပျိုးသွားမည့် ရောင်စုံပန်းအလှပင်များ အခြေအနေကို ပုံစံဒီဇိုင်းဖြင့် ရှင်းလင်းတင်ပြသည်။ မြို့တော်ဝန်က သတ်မှတ်ဒီဇိုင်းအတိုင်း စနစ်တကျ ဆောင်ရွက်ရန်နှင့် မြို့တွင်းရှိ လမ်းဘေးဝဲ၊ ယာများ၊ မြို့အဝင်၊ အထွက်ရှိ အချို့နေရာများတွင် အမြင်တင့်တယ်လှပစေရေးအတွက် နေရာလွတ်များ၌ ပန်းအလှပင်များဖြည့်စွက် စိုက်ပျိုးသွားရေးတို့ကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အမရပူရမြို့နယ်၊ (ရှမ်းကလေးကျွန်းနှင့် ရွှေခဲကြား)မြို့ပတ်ကမ်းနားလမ်းမကြီးလမ်းပိုင်းအား ကုမ္ပဏီနှစ်ခုဖြင့် အပိုင်းနှစ်ပိုင်းခွဲ၍ နိုင်လွန်ကတ္တရာလမ်း အကြီးစား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးနှင့် သက်ဆိုင်ရာ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတာဝန်ရှိသူများက လေးပေအမြင့် မူလမြေသားနုတ်ခြင်း၊ အလွှာလိုက်ကျောက်ပျက်ဖြန့်ခင်း၍ စက်ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က သတ်မှတ်ထားသည့် အောက်ခံမြေလွှာကျစ်လျစ်သိပ်သည်းမှု(CBR-7)အထိ ရရှိအောင် အောက်ခံမြေသားအလွှာလိုက် ရေဖျန်း၍ စနစ်တကျဖို့ကြိတ်ရန်၊ လုပ်ငန်းခွင်အတွက် ဆောင်ရွက်ထားသည့် လမ်းလွှဲများ သတ်မှတ်စံချိန်စံညွှန်းမီ တည်ဆောက်ပြီးစီးရေး ဆောင်ရွက်ရန် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများအား မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခု ဘဏ္ဍာရေးနှစ်အတွင်း (၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာနရုံး(မနော်ရမ္မ)တွင် ပြုလုပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက်အစည်း ၁၅၀၊ ခရမ်းသီးအထုပ် ၆၀၊ ကျောက်ဖရုံသီး လေးလုံး၊ ဗူးသီးလေးလုံး၊ ချဉ်ပေါင်ရွက် ၂၂၅ စည်း၊ သင်္ဘောသီးစိမ်း ၅၅လုံး၊ ၄က်ပျောသီးအဖီး ၂၀၊ ငွေနှင်းမှိုအထုပ် ၆၀နှင့် မယ်ဇလီဖူးထုပ် ၁၂၀ တို့ကို သန့်ရှင်းရေးဌာန(အမရပူရမြို့နယ်) ရှိ ဝန်ထမ်း ၁၀၈ ဦး၊ သန့်ရှင်းရေးဌာန(ပြည်ကြီးတံခွန်မြို့နယ်) ရှိ ဝန်ထမ်း ၁၆၂ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

## မိုးထစ်ချုန်းရွာသွန်းခြင်းနှင့် အချို့ဒေသများတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်



**မန္တလေး အောက်တိုဘာ ၃၀**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ ညနေ ၃နာရီခွဲအချိန်တိုင်းထွာချက်များအရ မိုးထစ်ချုန်းရွာသွန်းခြင်းနှင့် အချို့ဒေသများတွင် နိုဝင်ဘာ ၅ ရက်အတွင်း ဒေသအလိုက်နေရာကွက်၍ မိုးကြီးနိုင်ကြောင်း အထူးသတင်းအဖြစ် ထုတ်ပြန်ထားသည်။

"အရှေ့ဘက်က ရွေ့လျားလာတဲ့ လေပွေလှိုင်းတွေအရှိန်ရယ်၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မှာ လေထုမငြိမ်မသက်မှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေတွေကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ မိုးထစ်ချုန်းရွာနိုင်သလို ဒေသအချို့မှာ မိုးကြီးနိုင်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

ခန့်မှန်းချက်များအရ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ ကုန်းမြင့်ဒေသအနီး နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားသည်။

(မန္တလေးနေ့စဉ် ၉)

## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပညာရေး ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ၏ သုတေသနစကားဝိုင်း ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၃၀**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပညာရေး ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ၏ သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာ ချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပညာရေး ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များမှ ပါမောက္ခဌာနမှူးများက သုတေသနပြုစုထားသည့် စာတမ်းများအား အပြန်အလှန်ဆွေးနွေးကြသည်။

ယခုကျင်းပပြုလုပ်သော ပညာရေး ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ၏ သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ်၌ နှစ်ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)



## အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း(နန်းမြို့)၏ စုပေါင်းမဟာဘုံကထိန်လှူဒါန်းလည်ပူဇော်

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး(နန်းမြို့) အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ မဟာဘုံကထိန်စုပေါင်း လှည့်လည်ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက နန်းမြို့အတွင်း၌ ပြုလုပ်ရာ ကျောင်းအုပ်ကြီး ဗိုလ်ကြီး သူရိန်ဦးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်များက ပဒေသာပင်များ ကိုင်ဆောင်၍ ကွမ်းတော်ကိုင်များ၊ အိုးစည်ဒိုးပတ်များ၊ ကျောင်းသား၊ ကျောင်းသူလေးများ၏ အကအလှများဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အောက်တိုဘာ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ဆရာတော်၊ သံဃာတော် အရှင်သူတော်မြတ် (၁၀)ပါးတို့အား ကထိန်လျာ ဥတ်သင်္ကန်းအား ဆက်ကပ်လှူဒါန်းပြီး အလှူငွေကျပ် (၁၀၈)သိန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်ကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၅၈)

## ယာဉ်ပြုပြင်ရေးခြံတွင် မီးလောင်မှုဖြစ်ပွား၊ တွဲကား လေးစီးနှင့် အဆောက်အအုံအချို့ မီးလောင်ပျက်စီး

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ တော်လှကျေးရွာ၊ ပြင်ဦးလွင်-ထုံးဘိုလမ်းဘေးရှိ ယာဉ်ပြုပြင်ရေးခြံတွင် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။



မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေးဝင်း ဦးဆောင်၍ အုပ်ချုပ်မှုယာဉ် သုံးစီး၊ မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ သန္နမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ ဦးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုအကြောင်းအရင်းမှာ ပေ၂၀×ပေ၃၀ သွပ်မိုး၊ ထရံကာ၊ မြေစိုက် တစ်ထပ် စတိုခန်းအတွင်း တွင် သွယ်တန်းထားသော ဝါယာကြိုး အပူလွန်ကဲပြီး မီးပွားထွက်ရာမှ အနီးရှိ ထရံနှင့် အောက်ရှိ Sound Box များပေါ်သို့ မီးကူးစက်၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှုကြောင့် MDY-14 ---- Dong Feng(အဝါရောင်) တွဲခေါင်းယာဉ်၏ ဝဲဘက်ခြမ်းရှိ တာယာ ငါးလုံး၊ ယာဉ်၏ ဦးခေါင်းပိုင်း၊ (MDY-14----- SHACMAN (အဖြူရောင်)တွဲခေါင်းယာဉ်၏ တာယာ(၁၂)လုံး အင်ဂျင်၏ အစိတ်အပိုင်းအနည်းငယ်၊ ယာဉ်၏ ဦးခေါင်းပိုင်း၊ MDY-14/---- SHACMAN(အဖြူရောင်) တွဲခေါင်းယာဉ် ခန့်မှန်းဆုံးရှုံးမှု၊ MDY-14----SHACMAN (အဖြူရောင်) တွဲခေါင်းယာဉ်၊ ပေ၂၀×ပေ၃၀ သွပ်မိုး၊ ထရံကာ၊ မြေစိုက် တစ်ထပ်၊ စတိုခန်း၊ အတွင်းပစ္စည်း အဟောင်းများ ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အမရပူရမြို့နယ်၊ မြစ်ငယ်နယ်မြေ ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။**

# အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင် တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့တွင် တစ်နာရီကျော်ကြာ ဆွေးနွေး

**ဆိုးလ် အောက်တိုဘာ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့၏ ကြာမြင့်စွာ စောင့်မျှော်ခဲ့ရသော တွေ့ဆုံမှုကို ယမန်နေ့က တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့တွင် ပြုလုပ်ပြီး တစ်နာရီနှင့် မိနစ် ၄၀ ခန့် ကြာမြင့်သော ဆွေးနွေးပွဲများဖြင့် ပြီးဆုံးသွားပြီဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။



ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံ နှစ်ခုအကြား ကုန်သွယ်ရေး သဘောတူညီချက်ရရှိရန် သမ္မတထရမ့် ကြိုးပမ်းနေသည့် ကာလအတွင်း ၎င်းတို့နှစ်ဦး၏ ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံမှုပင်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်-အမေရိကန် ဆက်ဆံရေး၏ ဧရာမသင်္ဘောကြီးကို တည်ငြိမ်စွာ ရှေ့သို့ ဆက်လက်ရွက်လွှင့်စေရန် နှစ်နိုင်ငံက အာမခံရမည်ဟု ထုတ်ဖော်ပြောကြားသည်။

သမ္မတ ထရမ့် ပြန်လည်ရွေးကောက်ခံရပြီးချိန်မှစ၍ ၎င်းတို့နှစ်ဦးသည် ဖုန်းဖြင့် သုံးကြိမ်ပြောဆိုခဲ့ကြောင်း၊ စာများစွာ လဲလှယ်ခဲ့ကြပြီး အနီးကပ် ဆက်သွယ်မှုရှိနေခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် တွေ့ဆုံစဉ်တွင် ရှီကျင့်ဖျင်က ပြောကြားသည်။

၎င်းတို့၏ ပူးတွဲလမ်းညွှန်မှုအောက်တွင် တရုတ်-အမေရိကန် ဆက်ဆံရေးသည် တစ်စုတစ်စည်းတည်းအနေဖြင့် တည်ငြိမ်မှုရှိနေခဲ့သည်ဟု ရှီကျင့်ဖျင်က ဆိုသည်။

လွန်ခဲ့သော ရက်အနည်းငယ်က မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ပြုလုပ်ခဲ့သည့် နောက်ဆုံးအကြိမ် ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေး အဖွဲ့များသည် သက်ဆိုင်ရာ အဓိက စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန်အတွက် အခြေခံ သဘောတူညီမှုရရှိခဲ့ပြီး ယင်းသည် ယနေ့တွေ့ဆုံမှုအတွက် လိုအပ်သောအခြေအနေများကို ဖန်တီးပေးခဲ့သည်ဟု ရှီက ဆက်လက်ပြောကြားသည်။

နိုင်ငံအခြေအနေချင်း မတူညီသည့်အတွက် နှစ်နိုင်ငံစလုံးသည် အမြဲတမ်း သဘောထားချင်း တစ်ထပ်တည်းမကျနိုင်ဘဲ ကမ္ဘာ့ထိပ်တန်း စီးပွားရေးနိုင်ငံ နှစ်ခုအတွက် ရံဖန်ရံခါ ပွတ်တိုက်မှုများရှိခြင်းသည် ပုံမှန်ဖြစ်သည်ဟု ရှီကျင့်ဖျင်က ရှင်းပြသည်။

"တရုတ်-အမေရိကန် ဆက်ဆံရေးကို ခင်ဗျားနဲ့ ကျွန်တော်က ဦးဆောင်နေကြတာပါ။ လေ၊ လှိုင်းနဲ့ စိန်ခေါ်မှုတွေ ရင်ဆိုင်ရတဲ့အခါ ကျွန်တော်တို့ဟာ မှန်ကန်တဲ့ လမ်းကြောင်းကို ဆက်သွားရမှာဆိုတော့ ရှုပ်ထွေးတဲ့ အခြေအနေတွေကို ကျော်ဖြတ်ပြီး တရုတ်-အမေရိကန် ဆက်ဆံရေးရဲ့ ဧရာမသင်္ဘောကြီး ရှေ့သို့ တည်ငြိမ်စွာ ဆက်လက်ရွက်လွှင့်စေနိုင်ဖို့ အာမခံရပါလိမ့်မယ်"ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ထပ်လောင်းပြောကြားကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နှစ်ဖက်အစိုးရသဘောတူထားသည့် စည်းကမ်းချက်များအရ ဆန်ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုး

**ဆိုးလ် အောက်တိုဘာ ၃၀**

စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်ဖက်အစိုးရသဘောတူထားသည့် စည်းကမ်းချက်များအရ ဗီယက်နမ်မှ စင်ကာပူသို့ အတားအဆီးမရှိ တင်ပို့နိုင်မည့် ဆန်ပမာဏကို အပြန်အလှန် သဘောတူညီထားသည့်အတိုင်း ဗီယက်နမ်က ပံ့ပိုးပေးမည့် သဘောတူညီချက်ကို အောက်တိုဘာ ၃၀ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆန်ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချွန်လွှာကို အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)စီးပွားရေးခေါင်းဆောင်များ ညီလာခံ သီးခြားတွေ့ဆုံပွဲတွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါနှစ်နိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးတွဲသတင်းထုတ်ပြန်ချက်တွင် ထိုပူးပေါင်းဆောင်ရွက်မှု သဘောတူစာချွန်လွှာသည် တည်ငြိမ်ပြီး ရေရှည်တည်တံ့သော ဆန်ကုန်သွယ်ရေးကို မြှင့်တင်ရန်အတွက် ခိုင်မာသောအခြေခံအုတ်မြစ် ကို ချမှတ်ပေးသည်ဟု ဖော်ပြသည်။

ယင်းသည် မလိုအပ်သော ကုန်သွယ်မှု ကန့်သတ်ချက်များကို ရှောင်ရှားခြင်းဖြင့် နှစ်နိုင်ငံ စားနပ်ရိက္ခာဖူလုံရေးကို ခိုင်မာအားကောင်းစေရန် အထောက်အကူပြုမည်ဖြစ်သည်။

ယင်းသဘောတူညီချက်ကို စင်ကာပူနိုင်ငံ၏ ရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးနှင့် ကုန်သွယ်ရေးဆိုင်ရာဆက်ဆံရေးတာဝန်ခံ ဝန်ကြီး ဂရေ့စ်ဖူနှင့် ဗီယက်နမ်၏ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး ငုယင်ဟောင်ဒီယန်တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**Mon**



# ဒေလီမြို့တော်၏ အဆိပ်အတောက်ဖြစ်နေသည့် လေထုကို ရှင်းလင်းရန် အိန္ဒိယအာဏာပိုင်များက မိုးတုရွာသွန်းအောင် လုပ်ဆောင်ခဲ့သည်ဟု ဆို

**ဒေလီ အောက်တိုဘာ ၃၀**

အိန္ဒိယအာဏာပိုင်များသည် ဒေသခံများအကြား ဒေါသဖြစ်စေခဲ့သော ဒေလီမြို့တော်၏ အဆိပ်အတောက်ဖြစ်နေသည့် လေထုကို ရှင်းလင်းရန်နှင့် မိုးရွာသွန်းစေရန် ကြိုးပမ်းသည့် အနေဖြင့် မီးခိုးမြူများဖုံးလွှမ်းနေသော ထိုမြို့ပေါ်သို့ မိုးတုရွာသွန်းအောင် အောက်တိုဘာ ၃၀ ရက်က လုပ်ဆောင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ မြို့တော်ရှိ အချို့သောနေရာများအပေါ် မိုးရွာသွန်းမှုကို အားပေးရန်နှင့် လေထုညစ်ညမ်းစေသည့် အရာများကို ဆေးကြောရန် ရည်ရွယ်၍ လေယာဉ်တစ်စင်းက တိမ်တိုက်များထဲသို့ ဓာတုပစ္စည်းများ ဖျန်းပက်ခဲ့သည်။ လေအရည်အသွေး စောင့်ကြည့်ရေး ကိရိယာများအရ ယင်းအချိန်တွင် လေထုသည် အလွန်ညံ့ဖျင်းသည်ဟူသော အမျိုးအစားတွင် ရှိနေဆဲဖြစ်သည်။

မိုးတုရွာသွန်းစေရန် တိမ်တိုက်များထဲသို့ ဓာတုပစ္စည်းများ ထုတ်လွှတ်ခြင်းဖြင့် ရာသီဥတုကို ပြုပြင်သည့် နည်းလမ်းကို အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းနှင့် ယူအေအီးကဲ့သို့သော မိုးခေါင်ရေရှားသည့် ဒေသများတွင် အသုံးပြုခဲ့သော်လည်း ယင်း၏ ထိရောက်မှုသည် မရေမရာ ဖြစ်နေဆဲဟု ကျွမ်းကျင်သူများက ဆိုသည်။

ဒေလီဝန်ကြီး မန်ဂျင်ဒါ ဆင်းမ်ဆာဆာက ထိုစမ်းသပ်မှုကို အစိုးရ၏ အိန္ဒိယနည်းပညာသိပ္ပံ ကန်ပူရ်နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်များတွင် နောက်ထပ် စမ်းသပ်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်ဟု ဆိုသည်။

မြို့တော်၏ အချို့သော အပိုင်းများတွင် နောက်ဆက်တွဲ နာရီများအတွင်း မိုးအနည်းငယ် ရွာသွန်းနိုင်သည်ဟု အာဏာပိုင်များက မျှော်လင့်ထားကြောင်း သိရသည်။

**Mon**



# ဖော်လ်ပိုကုမ္ပဏီထုတ် လျှပ်စစ်ကားအသစ်တစ်မျိုး တရုတ်နိုင်ငံ လမ်းမများပေါ်သို့ ရောက်ရှိလာပြီဖြစ်

**ပေကျင်း အောက်တိုဘာ ၃၀**

ဖော်လ်ဗိုကုမ္ပဏီထုတ် လျှပ်စစ်ကားအသစ်တစ်မျိုးသည် တရုတ်နိုင်ငံလမ်းမများပေါ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ အိတ်ခ်ျစ်စီ ၇၀ မော်ဒယ်လ်အသစ်သည် လျှပ်စစ်အားဖြည့် ပလပ်-အင် ဟိုက်ဘရစ် အက်စ်ယူဗီကား အမျိုးအစား ဖြစ်ပြီး လျှပ်စစ်စွမ်းအင်သက်သက်ဖြင့် မောင်းနှင်နိုင်သည့် ခရီးအကွာအဝေးမှာ ၁၃၂ မိုင်အထိ ရှိသည်။

ယင်းအကွာအဝေးသည် ဖော်လ်ဗိုက ယနေ့အထိ ထုတ်လုပ်ခဲ့သော ဟိုက်ဘရစ်ကားများတွင် အများဆုံး အကွာအဝေး ဖြစ်သည်ဟု ဆိုသည်။ ဓာတ်ဆီအင်ဂျင်၏ အကူအညီဖြင့် မောင်းနှင်နိုင်သည့် အကွာအဝေးသည် မိုင် ၇၄၅ မိုင်အထိ တိုးလာသည်။ အမြန်ဒီစီအားသွင်းစနစ်ကြောင့် အိတ်ခ်ျစ်စီ ၇၀ သည် ၂၃ မိနစ်အတွင်း သုညရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ အားသွင်းနိုင်ပြီး နှစ်လမ်းသွား အားသွင်းစနစ်သည် လိုအပ်သည့်အခါ ဓာတ်အားကို မျှဝေသုံးစွဲခွင့်ပေးသည်။ ယာဉ်လမ်းကြောင်းအကူအညီပေးစနစ်နှင့် ဦးတည်ပြ မျက်နှာပြင်ရွေးချယ်စရာများလည်း ရရှိနိုင်သည်။

လျှပ်စစ်ကားများသည် ကမ္ဘာ့သယ်ယူပို့ဆောင်ရေးစနစ်များကို အဆင့်မြှင့်တင်ရာတွင် မရှိမဖြစ်လိုအပ်သော ခြေလှမ်းတစ်ရပ်ဖြစ်သည်။

၎င်းတို့သည် ဓာတ်ဆီကားများထက် မောင်းနှင်ရန်နှင့် ထိန်းသိမ်းရန် ကုန်ကျစရိတ်သက်သာသည့်အပြင် ဓာတ်ဆီကို ဖယ်ထုတ်လိုက်သည့်အခါ ခရီးသည်များသည် အန္တရာယ်ရှိသောအခြေအနေများကို ရှောင်ရှားနိုင်ကြောင်း သိရသည်။

**Mon**

# အမေရိကန်အခြေစိုက် နပ်ဗီဒီယာချစ်ပ်စ်လုပ်ငန်းကြီး ကမ္ဘာပေါ်တွင် တန်ဖိုးအမြင့်ဆုံး ကုမ္ပဏီဖြစ်လာ

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်အခြေစိုက် နဗီဒီယာချစ်ပ်စ်လုပ်ငန်းကြီးသည် ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် အဖြစ် ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ထရီလီယံ (ပေါင် ၃ ဒသမ ၈ ထရီလီယံ)သို့ ရောက်ရှိသည့် ကုမ္ပဏီသစ်တစ်ခု ဖြစ်လာကြောင်း သိရသည်။

ဉာဏ်ရည်တု၏ အလားအလာအပေါ် စိတ်အားထက်သန်မှုက ကုမ္ပဏီ၏ ချစ်ပ်စ်များအတွက် ဝယ်လိုအားကို ဆက်လက်တွန်းအားပေးနေပြီး ရှယ်ယာများကိုလည်း စံချိန်တင် မြင့်တက်စေသည့်အတွက် အမေရိကန် ချစ်ပ်စ်လုပ်ငန်းကြီးသည် ဂရပ်ဖစ်-ချစ်ပ် ဒီဇိုင်းနာငယ်လေးဘဝမှသည် ဉာဏ်ရည်တု၏ ဧရာမလုပ်ငန်းကြီးတစ်ခုအဖြစ်သို့ လျင်မြန်စွာ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ယင်းကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဇွန်လတွင် ပထမဆုံးအကြိမ် အဖြစ် ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံသို့ ရောက်ရှိခဲ့ပြီး လွန်ခဲ့သော သုံးလခန့်ကမှ အမေရိကန်ဒေါ်လာ ၄ ထရီလီယံ တန်ဖိုးမှတ်တိုင်ကို ကျော်ဖြတ်ခဲ့သည်။

ပထဝီနိုင်ငံရေး တင်းမာမှုဖြစ်ခဲ့သော တရုတ်နိုင်ငံတွင် နဗီဒီယာ၏ အရောင်းအဝယ်အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ အကောင်းမြင်မှုကြောင့် ချစ်ပ်ထုတ်လုပ်သူ၏ ရှယ်ယာများသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ၅ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ပြီး ဒေါ်လာ ၂၁၂ အထက်သို့ ရောက်ရှိခဲ့သည်။

ကမ္ဘာပေါ်တွင် တန်ဖိုးအရှိဆုံး ကုမ္ပဏီဖြစ်သည့် ဉာဏ်ရည်တုစရိတ်စကများ သုံးစွဲရာတွင် အကြီးမားဆုံးသော အနိုင်ရသူ နဗီဒီယာအနေဖြင့် နည်းပညာကဏ္ဍရှိ ၎င်း၏ ပြိုင်ဘက်များကို ကျော်တက်သွားခဲ့သည်။

အဆိုပါကုမ္ပဏီ၏ ချစ်ပ်စ်များသည် ဉာဏ်ရည်တု၏ တိုးတက်မှုကို ဆက်လက်မောင်းနှင်နေသောကြောင့် အိုးပင်းအေအိုင်နှင့် အော်ရကဲလ်အပါအဝင် ထိပ်တန်းဉာဏ်ရည်တုကုမ္ပဏီများနှင့် သဘောတူညီချက်များ ချုပ်ဆိုထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ကထိန်ရာသီဖြစ်တာကြောင့် ပဲနှမ်းဈေးကွက်အရောင်းအဝယ်အေးနေသော်လည်း မြေပဲဆီဆန် အဝယ်သွက်နေ



ကထိန်ရာသီဖြစ်တာကြောင့် ပို့ကုန်ပဲနှင့် ပြည်တွင်းသုံးများ အရောင်းအဝယ် အေးနေသော်လည်း မြေပဲဆီဆန် အဝယ်သွက်နေကြောင်း ကုန်သည်များထံမှ သိရသည်။

အောက်တိုဘာလအတွင်း ပြည်တွင်းသုံး ကုလားပဲများ အရောင်းသွက်ခဲ့သော်လည်း လကုန်ပိုင်းတွင် ဈေးကျဆင်း အဝယ်အေးပြီး မြေပဲဆီဆန်များ ဈေးမတက်ဘဲ အဝယ်သွက်နေသည်။

ကထိန်ရာသီဖြစ်တာကြောင့် မန္တလေးကုန်စည်ဒိုင်တွင် ပဲ၊နှမ်း ဈေးကွက်အရောင်းအဝယ်အေးကြောင်းဆီစက်ပိုင်များ၏ မြေပဲဆီဆန် အဝယ်ကောင်းနေတာကြောင့် အရောင်းအဝယ်သွက်နေကြောင်း အခြားပို့ကုန်ပဲများ အရောင်းအဝယ် မရှိသလောက် ဈေးကျဆင်းနေကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

"ကထိန်ရာသီ ဆိုတော့ ပြည်တွင်းကုလားပဲတွေလည်း ဈေးပြန်ကျဆင်းပါတယ်။မြေပဲဆီဆန်များကတော့ ဈေးကွက်အတွင်းအဝင်နည်းသလို ဆီစက်ပိုင်များ အဝယ်ကောင်းနေပါတယ်။ ဈေးတော့ မတက်ဘဲ အရောင်းသွက်တာပဲရှိပါတယ်။ အခြားပို့ကုန်ပဲတွေကတော့ အရောင်းအဝယ်အေးနေပါတယ်" ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၃၀ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ခန့် ဈေးကျဆင်းလာရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၃၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစအိတ်လျှင် ငွေကျပ် ၂၃၃၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အောက်တိုဘာ ၃၀ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ အောက်တိုဘာ ၃၀ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၆၅၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀-၈၇၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၅၇၅၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



## ဆောင်းစိုက်ဖရဲ၊သခွား စိုက်ပျိုးမှု အနည်းငယ်လျော့ကျ

ပြည်တွင်းဖရဲ၊သခွားစိုက်ပျိုးမှုကို နှစ်စဉ် အောက်တိုလတွင် အများဆုံး စိုက်ပျိုးလေ့ရှိသော်လည်း ယခုနှစ်တွင် မျိုးစေ့တင်သွင်းမှုအခက်အခဲနှင့် ပြည်ပတင်ပို့နိုင်ခြင်းမရှိသေးတာကြောင့် ဖရဲ၊ သခွားစိုက်ဒေသများတွင် စိုက်ပျိုးမှုအနည်းငယ် လျော့ကျနေကြောင်း ဖရဲစိုက်တောင်သူများထံက သိရသည်။

ပြီးခဲ့သည့် မိုးဖရဲစိုက်ရာသီတွင်လည်း ပြည်တွင်းဈေးကွက်အတွက်သာ ရည်ရွယ်စိုက်ပျိုးနိုင်သည်။ ဆောင်းရာသီစိုက်ဖရဲများကို ပြည်ပတင်ပို့ရန်အတွက် ဧကများစွာ စိုက်ပျိုးလေ့ရှိသော်လည်း လက်ရှိအချိန်တွင် တရားဝင်မျိုးစေ့တင်သွင်းမှုမှာ ကြာမြင့်ပြီး စိုက်ပျိုးရာသီ မမီတာကြောင့် ဆောင်းစိုက်ဖရဲစိုက်ဧကများ လျော့ကျခြင်းကြောင်း၊ စိုက်ပြီးတော့ ပြည်ပတင်ပို့နိုင်ခြင်းမရှိလျှင် အမြတ်မရရှိဘဲ ပြည်တွင်းဈေးကွက်တွင်သာ အရှုံးဖြင့်သာ ရောင်းချရမည်ဖြစ်တာကြောင့် ယခုနှစ် ဖရဲစိုက်တောင်သူများ စိုက်ပျိုးမှု လျော့ကျခြင်းဖြစ်ကြောင်း ဖရဲစိုက်တောင်သူ ကိုသစ္စာက ပြောသည်။

" ဆောင်းစိုက်ဖရဲသီးစိုက်ဧက သိသိသာသာ လျော့ကျ သွားပါတယ်။ အဓိကတော့ စိုက်ပျိုးချိန်အမီမျိုးစေ့မရရှိလို့ပါ။ တရားဝင်တင်သွင်းတဲ့ မျိုးစေ့တင်သွင်းခွင့်ပါမစ်ကလည်း ကြာတယ်၊ တင်သွင်းရပြန်တော့လည်း လေဆိပ်မှာ ကြာပြန်တယ်။ မျိုးစေ့တင်သွင်းမှုလုပ်ငန်းစဉ်က သုံးလလောက်ကြာတော့ စိုက်ပျိုးချိန်မမီတော့တာပါ " ဟု ၎င်းကပြောသည်။

ဖရဲစိုက်တောင်သူများအနေဖြင့် ဖရဲစိုက်အစား၊ အခြားဈေးကွက်ရှိ ငရုတ်သီး၊ ဆောင်းမြေပဲများကိုသာ ပြောင်းလဲစိုက်ပျိုးလာကြသည်။

ဆောင်းစိုက်ဖရဲ၊ သခွားကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်တို့တွင် အောက်တိုဘာလကုန်ပိုင်း၌ အများဆုံးစိုက်ပျိုးပြီး ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အသီး ဆွတ်ခူးပြီး ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများထိ တင်ပို့ရောင်းချကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်မြင့်မြတ်**

**(စိုက်ပျိုးရေးသတင်းထောက်)**

၀-၀-၀-၀-၀

## ပြည်တွင်းဂျုံလက်ကျန်နည်းပါးလာပြီး ဈေးမြင့်တက်လာ

ပြည်တွင်းဂျုံလက်ကျန်နည်းပါးလာပြီး ဈေးမြင့်တက်လာကြောင်း ဂျုံစက်ပိုင်များထံမှ သိရသည်။

အောက်တိုဘာလကုန်ပိုင်းတွင် ဂျုံသစ်စိုက်ပျိုးချိန်ရောက်ရှိလာချိန်ဖြစ်ပြီး မတ်လမှသာ ဂျုံအသစ်များ ထွက်ရှိလာမည်ဖြစ်ရာ ယခုနှစ်တွင် ဈေးကွက်အတွင်း ဂျုံလက်ကျန်နည်းလာပြီးဖြစ်ကြောင်း ပြည်ပမှတင်သွင်းမှုလည်း မရှိတာကြောင့် ဈေးကွက် အတွင်း ဂျုံဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း ဦးသက်တင် ကပြောသည်။

"ပြည်တွင်းဂျုံဈေးက လက်ကျန် နည်းဂျုံစေ့ပြတ်လပ်သွားပါပြီ။ နိုင်ငံခြားဂျုံကလည်း မဝင်တော့ဘူး။ ဂျုံအသစ်ပေါ်မှပဲ ရတော့မှာပါ။ လက်ရှိမှာတော့ ပစ္စည်းပြတ်မသွားအောင် ၂-၃လ စာလောက် လှောင်ထားရတာပေါ့။ ဒီနှစ်ကပစ္စည်းပြတ်တာစောတယ်။ မနှစ်ကဒီအချိန်ထိဝယ်လို့ ရသေးတယ်။လက်ရှိမှာ ဈေးကွက်ကပေါက်ဈေးက မငြိမ်တော့ဘူး။ အိတ်ရေများများလည်းဝယ်မရတော့ဘူး။ဂျုံစေ့က ပေါက်ဈေးတာရှိနေတာဝယ်လို့မရတော့ဘူး။"ဟု ၎င်းကပြောသည်။

အောက်တိုဘာ ၃၀ ရက်တွင် ဂျုံ(တောင်ဘက်/ ငါန်းဇွန်/မြို့သာ)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ဂျုံ(မုံရွာ/ဘုတလင်)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ဂျုံ(စစ်ကိုင်း/ ဆားတောင်/ ရွှေဘို/ မြင်းမူ/ မြောင်)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ဂျုံ(ကလေး)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ဂျုံ(ရှမ်း)ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀၊ ဂျုံ(AUS) တစ်ပိဿာလျှင် ငွေကျပ် ၃၈၅၀ အသီးသီးပေါက်ဈေးရှိနေသည်။

ဂျုံသီးနှံကို နှစ်စဉ် အောက်တိုဘာ၊ နိုဝင်ဘာလမှစတင်ပြီး ဆောင်းစိုက်သီးနှံအဖြစ် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စိုက်ပျိုးပြီး မတ်၊ ဧပြီလများတွင် ရိတ်သိမ်းသည်။

ပြည်တွင်းဂျုံစားသုံးမှုမှာ လျော့နည်းနေသလို ဂျုံစိုက်ပျိုးမှုမှာလည်း လျော့ကျနေကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



## ပြည်ပတင်ပို့သည့် ညှော်မထ၊ ငစိန် စသော စပါးအမျိုးအစားစိုက်ပျိုးသော တောင်သူများကို MRF အကြံပြု

လက်ရှိအချိန်၌ နိုင်ငံတကာဈေးကွက်တွင် ဆန်ဈေး၊ စပါးဈေးများသည် ယခင်နှစ်ထက် နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်းထက်ကျဆင်းခဲ့သည့်အတွက် ပြည်ပတင်ပို့သည့် ညှော်မထ၊ ငစိန် အုပ်စုဝင်စပါး၊ ဆန်ဈေးနှုန်းများသည် ယခင်နှစ်ထက် ဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။

သို့ရာတွင် ပြည်ပတင်ပို့မှုကို တိုးမြှင့်ဆောင်ရွက်နေမှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များနှင့် ဆန်စက်များကို ညှော်မထ၊ ငစိန်၊ သုခ စပါးစိုက်ပျိုးသည့် တောင်သူများထံမှ သင့်တင့်မျှတသော ဈေးများဖြင့် ဝယ်ယူပေးရန် မေတ္တာရပ်ခံညှိနှိုင်းထားမှုကြောင့်လည်းကောင်း၊ အဆိုပါဈေးနှုန်းများသည် အစိုဖြစ်ပါက ငွေကျပ် ၁၁-၁၂ သိန်းနှင့် အခြောက်ဖြစ်ပါက ၁၃-၁၄ သိန်းဈေးဝန်းကျင်ဖြင့် ဒေသဆန်စက်များမှ ဝယ်ယူပေးလျက်ရှိသည်။

ယခုရက်ပိုင်း လူမှုကွန်ယက်သတင်းများ၌ စပါးဈေးရှစ်သိန်းထိ ကျဆင်းနေကြောင်း၊ မည်သည့်ကျေးရွာ၊ တောင်သူ၊ စပါးအမျိုးအစား၊ အရည်အသွေးစသည့် အချက်အလက်များ မပါဘဲ ဖော်ပြထားသည်ကို တွေ့ရှိရပြီး ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ လူမှုကွန်ယက်စာမျက်နှာများတွင် ကူးယူဖော်ပြထားသည်ကို တွေ့ရသည်မှာ မမှန်ကန်သည့် သတင်းအချက်အလက်များဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

စပါးရိတ်သိမ်းပြီး ရောင်းချလိုသည့် တင်းအရေအတွက်၊ ခန့်မှန်း စပါးအမျိုးအစားကို မြန်မာနိုင်ငံစပါးအသင်းချုပ်၏ ဖုန်းနံပါတ် ၀၁-၂၁၈၂၆၆၊ ၀၁-၂၁၈၂၆၈၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း အောက်တိုဘာ ၃၀**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန် ဦးဆောင်ကြီးကြပ်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သော မြို့၊ ရပ်ကွက်အတွင်းနေထိုင်သူများ လိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မီးဘေးကြိုတင် ကာကွယ်ရေးဆိုင်ရာများကို အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

နေလင်းအောင်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် အနောက်ရပ်တောင်ပိုင်းရပ်ကွက်ရှိ(စံမီဘော်ဒါဆောင်)အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးများ စနစ်တကျအသုံးပြုနိုင်ရေးအတွက် ယမန်နေ့က လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။ (ကဆ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## နှစ်လုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**မော်လမြိုင် အောက်တိုဘာ ၃၀**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကွင်းရပ် ရပ်ကွက်နေ ဒေါ်ဖြိုးမဥ္ဇူ(ခ)ဒေါ်ပြည့်ဖြိုးဝေ(၃၈)နှစ်၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မုပွန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်ဈေးဆိုင်အတွင်း နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်ဖြိုးမဥ္ဇူ(ခ)ဒေါ်ပြည့်ဖြိုးဝေအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

## ဘော်ကျေးရွာအနီး ယာဉ်မတော်တဆမှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**ပြင်ဦးလွင် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဘော်ကျေးရွာအနီး စိုက်ပျိုးမွေးမြူရေးသွားလမ်းဆုံ(ဝက်ခြံကုန်း)၌ ယာဉ်မတော်တဆမှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဘော်ကျေးရွာရှိ စိုက်ပျိုးမွေးမြူရေးသွားလမ်းဆုံ(ဝက်ခြံကုန်း)၌ ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းအရ ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ပလိပ်မြို့နယ်၊ ပလိပ်ကားဆိပ်ရပ်ကွက်နေ အောင်ကိုထွေး(၃၈)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ----(၃၉)နှစ်ပါ အမျိုးသားသုံးဦးတို့ လိုက်ပါလာပြီး ကြက်စာ၊ ဝက်စာများ တင်ဆောင်လာသည့် SHN-20/6H-××× ISUZU မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ကုန်းတက်အားတက်စဉ် မတက်နိုင်ဘဲ အနောက်သို့ ပြန်လိမ့်ဆင်းကျခဲ့ရာ မော်တော်ယာဉ်ပေါ် လိုက်ပါလာသူများက ယာဉ်ပေါ်မှ ခုန်ချသဖြင့် အမျိုးသားတစ်ဦးမှာ မော်တော်ယာဉ် ဝဲဘက်နောက်ဘီးဖြင့် ကြိတ်မိ၍ သေဆုံးသွားခဲ့သောကြောင့် ပြင်ဦးလွင်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

## ခရီးသည်တင် မော်တော်ယာဉ်နှစ်စီး တိုက်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ခရီးသည်တင် မော်တော်ယာဉ်နှစ်စီး တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၂၁ မိုင် ၇ ဖာလုံနှင့် ၂၂၂ မိုင်ကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ပြည်သာရပ်ကွက်နေ ----(၄၂)နှစ်သည် ခရီးသည်တင် မော်တော်ယာဉ်အား မန္တလေးမှ ရန်ကုန်ဘက်သို့ ယာဘက်ယာဉ်ကြောအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ဝဲဘက်ယာဉ်ကြောသို့ ကူးပြောင်းမောင်းနှင်စဉ် လားရာတူ ၎င်းအနောက်မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်နေ ----(၄၇)နှစ် မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့သဖြင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း မော်တော်ယာဉ်နှစ်စီး ထိခိုက်ပျက်စီးခဲ့သောကြောင့် ပန်းတင် အမြန်လမ်းမကြီးရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## အမှတ်(၅)ရပ်ကွက်၌ ရတနာမြေ(၂) စက်သုံးဆီဆိုင် မီးလောင်မှုဖြစ်ပွား

**ဘားအံ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၌ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခန့်က ရတနာမြေ(၂) စက်သုံးဆီဆိုင်တွင် ဆီဆိုင်ဝန်ထမ်း ငြိမ်းကိုနိုင်သည် 6B-××× NISSAN ဆီဘောက်ဆာ မော်တော်ယာဉ်မှ ဆီတိုင်ကီထဲသို့ ဓာတ်ဆီဖြည့်နေစဉ် ဆီပိုက်ဂေါက်နှင့် ဆီတိုင်ကီ ပွတ်တိုက်မှုဖြစ်ပြီး မီးပွားထွက်၍ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးနှင့် ဘားအံခရိုင်၊ မြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်ယာဉ် ၁၉ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့သည်။



အဆိုပါမီးလောင်မှုကြောင့် ရတနာမြေ (၂) စက်သုံးဆီဆိုင်၏ မျက်နှာကြက် အနည်းငယ်၊ 6B-××× NISSAN ဆီဘောက်ဆာ မော်တော်ယာဉ်၏ ခေါင်းပိုင်း၊ အောက်ပိုင်း၊ ကားဆီကန်တစ်ကန်၊ ဆီပန့်နှစ်လုံး၊ ဓာတ်ဆီ(92) ၂၉၀၀ လီတာနှင့် ဆီဆိုင်ရှေ့ရှိ ၁၂ပေ× ၁၅ပေ၊ RC ရှစ်ခန်းတွဲ တစ်ထပ် အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဆီဆိုင်ဝန်ထမ်း ငြိမ်းကိုနိုင် မီးဟပ်ဒဏ်ရာ (မစိုးရိမ်ရ)အား ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ငြိမ်းကိုနိုင်အား ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

## ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၉၉-၉/၁၇) မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၉၉-၉/၁၇)၊ ပေ(၄၀×၆၀)ဧရိယာရှိ မြေကွက်ကို မန္တလေးတိုင်းဒေသကြီး၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ (၇-၉-၁၉၉၁)ရက်စွဲပါ စာဖြင့် ပုသိမ်ကြီးမြို့ ခ·မ·ရ(၁၁၆)မှ တပ်ကြပ်ကြီးမြသန်းအား အခြေချနေထိုင်ရန် ချထားပေးခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ပေါ်၌ ကျူးကျော်ဝင်ရောက်နေကြသူ ဦးမြင့်ခိုင်(ဘ)ဦးထွန်းမြင့်(၅/ဆလက(နိုင်)၀၀၀၄၇၃)မိသားစုနှင့် ဒေါ်အေးယုခိုင်(ဘ)ဦးမျိုးခိုင် မိသားစုတို့ကို ထိုမြေကွက်မှ ဖယ်ရှားနိုင်ရန် ချမ်းမြသာစည်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၈၀/၂၀၂၃ ဖြင့် စွဲဆိုခဲ့ပြီး တရားရုံးမှ အမိန့်များကို အယူခံမှု၊ ပြင်ဆင်မှု အဆင့်ဆင့်တက်ရောက်ခဲ့ရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားမပြင်ဆင်မှုအမှတ်-၃၀၇/၂၀၂၅ ဖြင့် မူလပိုင်ရှင်အစစ်ဖြစ်သူ တပ်ကြပ်ကြီးမြသန်း(ယခုဒုအရာခံဗိုလ်မြသန်း(ငြိမ်း))က အနိုင်ဒီကရီရရှိခဲ့ပါသည်။

အထက်ဖော်ပြပါ (၉၉-၉/၁၇)မြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်ခုခုနှင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေး တားမြစ်လိုက်ပါသည်။

အကယ်၍ တားမြစ်ချက်ကို မလိုက်နာပါက မလိုက်နာသူ၏တာဝန်သာဖြစ်ပြီး တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် ထိထိရောက်ရောက်၊ ပြင်းပြင်းထန်ထန် ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကျူးကျော်သူများနှင့် အများပြည်သူ သိရှိနိုင်ရန် ကန့်ကွက်တားမြစ်အပ်ပါသည်။

**ဒုအရာခံဗိုလ်မြသန်း(ငြိမ်း)**

**(၎င်း၏ကိုယ်စားလှယ်စာရသူ ဦးစိန်လှ)**

**ငင-၁၊ ၂၆၊ ၂၉၊ ကံသာယာရပ်၊ မန္တလေးမြို့။ ၀၉-၄၃၀၁၁၆၀၄**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၈)၊ ဦးပိုင်နံပါတ်(၂၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်မြမြလွင် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးထိန်လင်းအောင်(ဘ)ဦးစိန်မြင့်(၉/မခန(နိုင်)၂၂၅၀၈၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ် (၁၂/ခ)၊ ဧရိယာ(၀ ဒသမ ၀၅၀၅)ဧက အကျယ်အဝန်းရှိ ဒေါ်ကြည်သန်း အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(၀ ဒသမ ၀၁၈၃) ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်မြေစိုက်အိမ် (ရေ+မီး) သုံးစွဲခွင့် အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးဝင်းမင်းအောင်(ဘ)ဦးတင်ကြည်(ခ)ကြူစောချောင်(၇/ကတခ(နိုင်)၀၇၅၅၂၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမှုရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းရွှေစင်ငယ် (LL.B) ဒေါ်တွယ်တာဝင်းနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**'EASY' အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း**
၃၃လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၇၃၈၀၁၉၁

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ) အကျယ်အဝန်းရှိ ဒေါ်ညိုညိုမြင့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်သူဇာအောင်(ဘ)ဦးဝင်းအောင်(၉/မရမ(နိုင်)၀၂၄၃၈၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဦးကြည်ယံ (LL.M) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်အုပ်စု၊ ထန်းတောကျေးရွာ၊ ကွင်းအမှတ်(၅၉၃)၊ ဦးပိုင်အမှတ်(၁၃၄/၁)၊ ဧရိယာဧက (၀ ဒသမ ၆၃)အကျယ်ရှိ ယာမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ (၁) ဒေါ်လျှကွေလန်(၁၃/ကခန(နိုင်)၀၃၃၄၉၂)၊ (၂) ဦးယော်ကျင်လွင်(၁၃/ကခန(နိုင်)၀၃၅၄၉၂)၊ (၃) ဒေါ်ရော်ဆိုချင်(၁၃/ကခန(နိုင်)၀၅၉၉၁၄)ထံမှ အဆိုပါမြေကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှကျော်(၉/အမရ(နိုင်)၁၂၀၀၀၄)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**လွှဲအပ်ညွှန်ကြားသူ ဒေါ်မာမာလွင် (စဉ်-၁၂၆၄၇/၁-၆-၂၀၁၇)**
**ဦးလှကျော် ယမ်းပုံရပ်၊ ငယ်တိုးကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၄၁၀၅၅၀၆၉**

---

## (၁၂-၁၀-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ (စာမျက်နှာ-၂၃)ပါ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်အမှတ်(၆၅)မြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ဖျက်သိမ်းကြောင်း အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်ကို ရောင်းချသူ ဒေါ်နန်းငွေ(ဘ)ဦးကျော်လှ (၁၃/လရန(နိုင်)၀၈၄၄၅၂)ကိုင်ဆောင်သူနှင့် ကျွန်ုပ်မိတ်ဆွေတို့ နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေပြီးကြောင်း (၁၂-၁၀-၂၀၂၅)ရက်တွင် မန္တလေးနေ့စဉ်သတင်းစာ၌ အများသိစေရန် ထည့်သွင်းကြေညာခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်၏အရောင်းအဝယ်ကို ဆက်လက်၍ မပြုလုပ်လိုတော့ပါသဖြင့် နှစ်ဦးသဘောတူ အရောင်းအဝယ်ကိစ္စကို ဖျက်သိမ်းပြီး ဖြစ်ပါသောကြောင့် (၁၂-၁၀-၂၀၂၅)ရက်စွဲဖြင့် မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၃)ပါ ဒေါ်ယဉ်ယဉ်မေ(တရားလွှတ်တော်ရှေ့နေ)၏ အများသိစေရန် ကြေညာခြင်းအား ပြန်လည်ဖျက်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ၊ ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅/န/င)၊ ဦးပိုင်အမှတ် (၁-င/ခဲစင်း)၊ ဧရိယာ(၁၅ပေ×ပေ၂၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်သော ၁။ ဒေါ်နှင်းသီတာအေး(ဘ)ဦးကျော်သောင်း(၉/မနမ(နိုင်)၁၁၆၃၈၈)၊ ၂။ ဦးဝေဖြိုးလင်း(ဘ)ဦးကျော်သောင်း(၉/အမဇ(နိုင်)၀၃၆၃၄၁)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမှုရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၉၁၄၃(၁၁-၄-၂၀၂၄)**
၆၅လမ်း၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၉၄၁၁၂

---

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၁၁၅-က/၁၆ ခဲစင်း)၊ ပုံပါမင်းကျောင်းလမ်းနှင့်မေဃဝန်လမ်းထောင့်၊ပုထိုးတော်ကြီးဘုရားအရှေ့ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသက်တင်ဝင်း(၅/စကန(နိုင်)၀၁၈၆၇၇)၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၁၁၁၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဥာဏ်မျိုးထက်(၉/ခအဇ(နိုင်)၀၅၉၉၃၇)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

---

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ အကွက်အမှတ်(၂)နေ ဦးအောင်ပြည့်စုံ(ဘ)ဦးကောင်းမြတ်သူ(၉/အမဇ(နိုင်)၀၄၄၈၁၁)နှင့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၃)နေ ဒေါ်အေးသန္တာဝင်း(ဘ)ဦးအောင်ဆန်း(၉/အမဇ(နိုင်)၀၅၆၇၃၂)တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှု မရှိတော့ပါသဖြင့် ဆက်လက်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနိုင်ရန် စိတ်ဆန္ဒမရှိသောကြောင့် (၂၅-၁၀-၂၀၂၅)ရက်တွင် နှစ်ဖက်မိဘများနှင့် အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးအောင်ပြည့်စုံနှင့် ဒေါ်အေးသန္တာဝင်းတို့သည် (၂၅-၁၀-၂၀၂၅)ရက်မှစ၍ လင်ခန်း၊ မယားခန်း လုံးဝပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်စုံနှင့် ဒေါ်အေးသန္တာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းသော်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**၂၇လမ်းနှင့် ၂၈လမ်းကြား၊ ၇၅လမ်းနှင့်၇၆လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၈၈၅၇၇၄၆**

❖ တစ်လုပ်စားဖူးသူ့ကျေးဇူး ဆိုသည့်စကားနှင့်အညီ ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ပြုလုပ်သော အခြေခံနှင့်တန်းမြင့်ရေကြောင်း လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြု အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများ အထူးကုန်ရထားဖြင့် ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၃၀**

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများအား အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၉၇၂၀(တန်ချိန် ၄၈၆ တန်)တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရွှေကြက်ယက်ဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးကာ လက်ခံခဲ့ကြသည်။ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRV 500 အမျိုးအစားသံချောင်းလုံး တန်ချိန် ၂၂၂၉ ဒသမ ၆၃ တန်၊ 4 Angle 0. 33mm အမိုးသွပ်ပြားချပ် ၄၉-၀၀၀(တန်ချိန် ၂၂၇ ဒသမ ၉၁ တန်)နှင့် ဘိလပ်မြေအိတ် ၁၉၄၆၀ (တန်ချိန် ၉၇၃ တန်)တို့အား ပို့ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# ရန်ကုန်စီးတီးအသင်းက မြဝတီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL-2(ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သော ပွဲစဉ်(၇) လက်ကျန်ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်စီးတီးအသင်းက မြဝတီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၅မိနစ်နှင့် ၅၅မိနစ်တွင် စည်သူအောင်က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်စီးတီးအသင်းခေါင်းဆောင် စည်သူအောင်က ဆွတ်ခူးခဲ့သည်။

အခြားပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ပွဲစဉ်တွင်လည်း ကချင်ယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းအား ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL-2 အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) အပြီးတွင် မြဝတီအသင်းက ရမှတ် ၁၆မှတ်ဖြင့် အမှတ်ပေးဇယားအား ဦးဆောင်နိုင်ခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းက ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့ကာ ရန်ကုန်စီးတီးအသင်းက ရမှတ် ၁၄မှတ်ဖြင့် အဆင့် ၃နေရာတွင် ရပ်တည်ခဲ့သည်။

(NGB)

0-0-0-0-0

# ဥရောပထိပ်တန်း လိဂ်(၅)ခုတွင် ရာသီအစ(၁၄)ပွဲဆက်တိုက် အနိုင်ရရှိသည့် ပထမဆုံးအသင်းအဖြစ် ဘိုင်ယန်မြူးနစ်အသင်း မှတ်တမ်းဝင်

**မြူးနစ် အောက်တိုဘာ ၃၀**

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်(၅)ခုတွင် ရာသီအစ (၁၄)ပွဲဆက်တိုက် အနိုင်ရရှိသည့် ပထမဆုံးအသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ပိုကယ်ဖလား ဒုတိယအဆင့်တွင် ကိုလုံးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကွန်ပနီက "အသင်းအနေနဲ့ အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ နောက်ထပ်ပြိုင်ပွဲတွေမှာလည်း ယခုလို မှတ်တမ်းတွေအပြင် နိုင်ပွဲတွေ ဆက်လက်ရယူပြီး အသင်းနဲ့အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။

ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဂျာမန်ဆုဖလားများအပြင် ဥရောပချန်ပီယံလိဂ်ချန်ပီယံဆုကြီးကိုလည်း ဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။

(NGB)

0-0-0-0-0

